

# ရွှေစွန်ညို

ဒဂုန်ခင်ခင်လေး

ဒုတိယအကြိမ်

နိ ဒါန်း

# ရွှေစွန်ညို ၏

# ပ ဏာ မ နိ ဒါန်း

ထိုနေရာဒေသသည် မြန်မာပြည်နှင့် တရုတ်နယ်စပ် အတွင်းရှိ၊ မူဆေးတောင်ကြား နယ်နိမိတ် အတွင်း ဖြစ်လေသည်။ တရုတ် မြန်မာ လမ်းမကြီးအတွက် ယခုအခါတွင် အတော်နာမည်ကြီး၍၊ လူသိများခဲ့သလောက် ရှေးအခါက လူသိနည်းလှသော တိုင်းစွန်ပြည်ဖျားကလနားသား အနေနှင့် လူသွားလူလာ ဝေယာမနိုခဲ့သည့် ဌာနတစ်ရပ် ဖြစ်ခဲ့လေသည်။

အချိန်မှာ မိုဃ်းရာသီ ပင်လယ်မြေမျက်နှာပြင်ထက် ပေပေါင်း မြောက်မြားစွာ မြင့်လျက်ရှိသော ရှမ်းကုန်းမြင့် အရပ်ဒေသဖြစ်ကြသည့်အလျောက် ဆီးနှင်းတစ်လှိုက် မိုးတစ်ဖြိုက်ကယ်နှင့်၊ တိမ်တိုက် ကဲ့သို့ မိုးဃ်းမှောင်၊ မာလာရင့်နှောပန်း စုံငယ်ပေါ်ပါတဲ့၊ တိမ်တိုက်ကဲ့သို့ မိုဃ်းမှောင်၊ မာလာရင့်နှော ပန်း စုံငယ်ပေါ်ပါတဲ့၊ တောသာခေါင်လေတည့်မှ၊ တောသာခေါင် ... ဟု စပ်ဆိုထားသော ဆီနှောင် ဇာတ်ပါ သိင်္ဂါသံမှ အဓိပ္ပာယ် သဘောအယူအဆနှင့် များစွာမှ ညီညွတ်လှလေသည်။

ညနေခင်း မြူမင်းလွှင်ဆို့၍ ညို့ညို့မှိုင်းမှိုင်း တောင်စဉ် အထပ်ထပ်တွေ ဝိုင်းရံလျက်ရှိသော ကျွန်တော် စခန်းချရာ ကုန်းမြင့်ကလေးမှာ၊ ထိုနေ့အဖို့ မြူနှင်းရောမိုဃ်းပြင်းပါ အတန်ငယ်ကြည်လင် ကင်းစင်နေသောကြောင့် ကျွန်တော် တည်းခိုနေသော၊ ရွက်ထည်တဲငယ်ကလေးရှေ့ မျက်နှာစာသို့ ထွက်ကာ မီးခိုးကလေးများ တလွန့်လွန့် လိပ်တက်နေသည့် မီးဖိုကလေး အနီးတွင် ရပ်လျက် ကျွန်တော်၏ အဖော်ဖြစ်သူ ကိုမင်းအောင်ကို မျှော်မှန်း စောင့်စား၍ နေမိလေသည်။

ကျွန်တော်သည် လည်းကောင်း၊ ကျွန်တော်၏ မိတ်ဆွေ ကိုမင်းအောင်သည် လည်းကောင်း သတ္တုလိုက်ခြင်းဘက်တွင် ကျွမ်းကျင်သူ

နှစ်ဦးဖြစ်သည့်အားလျော်စွာ "ခင်ရာဆွေမျိုး မြိန်ရာ ဟင်းကောင်း" ဆိုသကဲ့သို့ အလုပ်တူသမားခင်း ခင်မင်ရင်း ရှိသူများဖြစ်သောကြောင့် မြန်မာနှင့် တရုတ် နယ်ခြားတွင် သံတွင်းများ ရှာဖွေနေကြခြင်းဖြစ်လေရာ ဤနယ်ခြားတစ်ဝိုက်တွင် သံသတ္တု လိုက်ခြင်းအားဖြင့် နှစ်ပေါင်းအတန်ကြာ လှည့်လည်ကျက်စားနေမိကြသည်တိုင်အောင် အလိုတက မတွေ့ရသေးဘဲ တဝဲလည်လည် အချိန်ကုန်ခဲ့ကြပါသည်။

ဤမျှ ဥတုရာသီ ဆိုးရွားကြမ်းတမ်းသော ဌာနနှင့် နယ်ခြား နယ်စပ်အရပ်ဖြစ်၍ တောရိုင်း တိရစ္ဆာန်များ၊ လူဆိုး သူဆိုး၊ သူခိုးဓားပြ၊ တောပုန်း အဂ္ဂပတို့နှင့် ပြွမ်းတည်းကာ ဘေးအန္တရာယ်လွှန်စွာ ထူပြောသော ဌာနတွင် နှစ်အတန်ကြာလာသည်တိုင်အောင် စွန့်စွန့်စားစား သတ္တုရှာနေသူများဖြစ်၍ ကျွန်တော်တို့မှာ (နှစ်ပေါင်းအတန်ကြာ) ဟု စာတွင် လွယ်ကူစွာ ရေးလိုက်ရစေကာမူ ထို (နှစ်ပေါင်း အတန်ကြာ)သည် ကျွန်တော်တို့အဖို့ သာယာကြည်လင်စွာ ကုန်လွန်ခဲ့ရသော အချိန်များ မဟုတ်ဘဲ၊ ဥတုရာသီနှင့်လည်း မကြခဏ အတိုက်အခံ အကြိတ်အနယ် ပြုခဲ့ရခြင်း၊ လူဆိုး သူဆိုး၊ တောပုန်း၊ ဓားပြ တောတိရစ္ဆာန် စသည်တို့နှင့်လည်း နင်လား ငါလား အခါများစွာ အသက်လု၊ အနိုင်ယူခဲ့ရခြင်း တည်း ဟူသော ခဲရာခဲဆစ်များကို ကျော်နင်းခဲ့ရခြင်းများကြောင့် အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်း ခြင်း မစားရ အချိန်ရှိသမျှ ကြိုးလန့်စားစားနှင့် ရှာလိုသော သံသတ္တုများကို ဇွဲကြီးစွာ ရှာဖွေနေခဲ့ကြ သူများဖြစ်ရာ၊ ကြာသော မြန်မာစစ်စစ် ဇာတိသွေး၊ ဇာတိရုပ်များအား အရပ်ဒေသ၏ သဘာဝရုပ်ဓာတ် နှင့် အမူအကျင့်က လွှမ်းမိုးထားခြင်းကြောင့် နှစ်ဦးစလုံးမှာပင် ရှမ်းတရုတ် ရုပ်ရည်အဆင်း သဏ္ဌာန်နှင့် အသွင်ဟန် ခြားလျက်ရှိပြီးလျှင်၊ ထိုအရပ်ဒေသ တစ်ခွင်တွင် သုံးစွဲ ပြောဆိုကြသော၊ ရှမ်း၊ မိုင်းသာ ရှမ်းတရုတ်၊ လဂ စသော စကားများကို လျှာသွက်သွက်၊ နှုတ်သွက်သွက် ပြောဆိုနိုင်ကြသော အခြေသို့ ရောက်ခဲ့ကြပါသည်။

ယခု နေရာတွင်ကား ရှမ်းနှင့် တရုတ် နယ်ကြားအရပ်၏

အစွန်အဖျားကျဆုံး အရပ်ဒေသရှိ တောင်ကြားမြေအရပ်ဖြစ်လေရာ ကျွန်တော်တို့မှာ အမှတ်မထင် မြေပြင်ပြန့်ပြူးသော နေရာကလေး တစ်ခုကို တွေ့ရသောကြောင့် ပါလာသော ရွက်ထည်တဲကလေးကို ဖြန့်မိုးကာ ခေတ္တခဏ စခန်းချပြီး အနီးအနား တစ်ဝိုက်တွင်ရှိသော တောင်ကမ်းပါး တစ်ခုတွင် သံသတ္တုများ လှည့်လည်ရှာဖွေ စုံစမ်း နေမိကြရာမှ တစ်နေ့တွင် ကျွန်တော်တို့ ရှာဖွေနေသော တောင်ကမ်းပါးမှ ရေညှိများ တက်နေသော ကျောက်ရုပ် တစ်ရုပ်ကို တွေ့ရပါသည်။ ထိုကျောက်ရုပ်၏ ရှေ့မျက်နှာစာ တည့်တည့်မှာလည်း အလျား ခြောက်ပေ အနံနှစ်ပေခန့်ရှိ ပကတိမဟုတ် လူများ စီထားသော ကျောက်ပုံ တစ်ခုကို တွေ့ရ လျက် ကျောက်ပုံ၏ ခေါင်းရင်းမှာ ကျောက်တိုင်ပမာ ရှည်လျားသော ကျောက်ရိုင်းတုံးကြီး တစ်တုံးကို စိုက်ထူထားသည်ကိုလည်း တွေ့ရပါသည်။

ကျွန်တော်တို့လည်း ထိုအရာများမှာ နှစ်ပေါင်းများစွာက အမှတ်အသား တစ်ခုသော်လည်း ကောင်း သို့မဟုတ် နတ်ရုပ်ထု တစ်ခုခုသော်လည်းကောင်း ဖြစ်ရမည်ဟု တွေးမိကာ၊ လူသွားလူလာ မရှိသော ဤနယ်စပ်တောကြီးမျက်မည်းထဲတွင် ဤကျောက်ရုပ်၏ ထူးခြားပုံကို စုံစမ်းကြည့်လိုသော ဆန္ဒများ ပေါ်ပေါက်လာသောကြောင့် နှစ်ယောက်သား ရေညှိရေမှော်များ ဖုံးလွှမ်းလျက် ငွေယင်ကောင် ပင်၊ ကျောက်ပန်းခက်ပင်တွေ ပေါက်နေသော အဆိုပါကျောက်ရုပ်ကို ရှင်းလင်း ခုတ်ထွင် သုတ်သင် ကြည့်ရှုလိုက်သောအခါ ပိုမို အံ့အားသင့်လာမိပါတော့သည်။

ကျောက်ရုပ်မှာ လည်မြောက်သော ကျောက်ဆစ်ဆရာတို့ ထုလုပ်ထားသော လက်ရာများကဲ့ သို့ သေသပ်ချောမွေ့ခြင်း မရှိလှစေကာမူ၊ လူတစ်ဦး၏ ပုံပန်းသဏ္ဌာန်ဖြစ်ကြောင်း သိရသည့်အပြင်၊ မျက်လုံးမျက်ခုံးတို့မှာ ပီသခြင်း မရှိသော်လည်း မြင်းစီးဗိုလ်မှူး တစ်ဦး၏ ပုံဖြစ်လျက်၊ ခေါင်းဆောင် သဏ္ဌာန်မှာ ရှေးက မြန်မာစစ်ဗိုလ်မှူးများ ဆောင်းလေ့ရှိသော မောက်ရှူမောက်တို ခေါ် ခေါင်းဆောင်း နှင့်အနည်းငယ် သဏ္ဌာန်တူပေသည်။

ကျွန်တော်နှင့် မိတ်ဆွေ ကိုမင်းအောင်တို့မှာ မြန်မာဗိုလ်မှူး တစ်ဦး၏ ကျောက်ရုပ်သည် မည်သို့သောနည်းဖြင့် ဤမျှလူသူအရောက်အပေါက်နည်းလှသော ရှမ်းတရုတ်နယ်စပ် အစွန်အဖျား တွင် ရောက်ရှိနေကြောင်းကို အလွန်အမင် သိချင်လှသော အာသာဆန္ဒ ပြင်းပြနေကြပါသည်။ ထို့ ကြောင့်ပင် ဤအနီးအပါးမှ မသိရသမျှ မခွာနိုင်ကြတော့ဘဲ တောတန်းသို့ နယ်ကျွံလာသော ဟင်းနူး ထင်းခွေလာကြသူ တောင်ယာပဲခင်း စိုက်ပျိုးလာကြသူ ရှမ်းတရုတ်များကို မတွေ့တွေ့အောင် လိုက်လံရှာဖွေ မေးမြန်းခြင်းဖြင့် အချိန်ကုန်ခဲ့စေကာမူ၊ မည်သူမျှ ထိုကျောက်ရုပ်၏ ရာဇဝင်ကို မသိကြ မပြောနိုင်ကြပေ။ အချို့ သက်ကြီးသူအို ရှမ်းတရုတ်ကြီးများ၊ မိုင်းသာအဘိုးကြီးများကို မေးမြန်းရာတွင် လည်း သေချာစွာ မပြောနိုင်။ ရှေးအခါက ဤနေရာ အနီးအပါးတွင် ရှမ်းတရုတ် ရွာငယ်တစ်ရွာ ရှိဖူးသည် ထင်ကြောင်း၊ ထိုအရုပ်မှာ ရွာသားများ ပူဇော်ပသသည့် နတ်ရုပ်နှင့် တူကြောင်း အထင်နှင့် ပြောကြပြန်ပါသည်။ ကျွန်တော်တို့မှာ မြန်မာဆန်ဆန် အရုပ်ဖြစ်ကြောင်း သိရ၍ မည်သည့်နည်းနှင့်မျှ ရှမ်းတရုတ် ကိုးကွယ်သည့် နတ်ရုပ်မျိုး မဟုတ်ကြောင်း သိသဖြင့် ထိုအဖြေကို မကျေနပ်နိုင်ပေ။ လူတို့ မည်သည့် မသိရသောအရာဖြစ်လေ သိလိုလေဟူသော အလေ့အတိုင်း နယ်စွန်နယ်ဖျားတွင် ထူးဆန်းစွာ တွေ့မြင်ရသော ထိုမြန်မာကျောက်ရုပ်၏ အကြောင်းအရာ အတ္ထုပ္ပတ္တိကို မသိရသမျှ အအေးနိုင်တော့ချေ။ ကျွန်တော်ထက် ကိုမင်းအောင်က ပိုမို အပင်းပန်းခံကာ ရှာဖေါစုံစမ်းနေပေသေး သည်။

သို့နှင့် ကိုမင်းအောင်မှာ လွန်ခဲ့သော ရက်အနည်းငယ်မှ နံနက်စာ စားပြီးသော အချိန်ကစ၍ ရေတစ်ဘူး၊ မုန့်ကျွတ်နှစ်ခုနှင့် ဆေးတံ တစ်ချောင်းကို ယူဆောင်ကာ နှစ်လုံးပြူး သေနတ်တစ် လက်ကို ကိုင်၍ ကျောက်ရုပ်အတွက် စုံစမ်းရန် ထွက်ခွာသွားသည်ဖြစ်ရာ၊ ခုနှစ်ရက်နှင့် တညနေ စောင်း အချိန်တိုင်အောင် မပေါ်လာသေးဘဲ မြုပ်သားကောင်းလှသဖြင့် ကျွန်တော်မှာ ကိုမင်းအောင် အတွက် အသက်အန္တရာယ်ကိုပင် စိုးရိမ်၍ နေမိပေတော့၏ ။

ထို့နေအဖို့လည်း ကျွန်တော်သည် တစ်နေ့လုံး ပျင်းပျင်းရှိသည်နှင့် တွေ့ရှိသိမ်းဆည်းထား သော ကျောက်ဆုံးကျောက်ခဲအချို့မှ သံသတ္တုကို ပါလသော ကိရိယာကလေးများနှင့် တစ်နေကုန် ဓာတ်ခွဲကြည့်ရှုနေခြင်းဖြင့် အချိန်ဖြုန်းလာခဲ့ရာ၊ ညနေစောင်းမှ ညောင်းညာလှသည်နှင့် အညောင်း ဆန့်ရင်း တဲဂုသို့ ထွက်ကာ ကိုမင်းအောင်ကို မျှော်မိပါသည်။

ကျွန်တော်သည် မျှော်ပင်မျှော်ရငြားလည်း မျှော်အားမရှိလှပါ။ စိတ်ထဲတွင် ကိုမင်းအောင် တစ်ခုခု ဖြစ်နေပြီဟု စနိုးစနောင့်ဖြစ်လျက် အကယ်၍ ကိုမင်းအောင် ဘေးအန္တရာယ် တစ်ခုခုနှင့်တွေ့ ၍ အသက်သေဆုံးခဲ့သော ကျွန်တော်တစ်ဦးတည်း အဖော်ကွဲလျက် တောကြီး မျက်မည်းတွင် သောင်တင်နေရစ်ရမည့် အရေးက နှလုံးအိမ်တွင် တဆွေးဆွေး ဖြစ်နေလေ၏ ။

ထို့ကြောင့် ဆေးတံကို စိတ်မပါ့တပါနှင့် မီးညှိကာ အမှတ်မထင် မျှော်လိုက်မိလျှင်ပင် ကုန်း မြင့်ကလေး တစ်ဖက်ဆီမှ လက်တစ်ဖက် မြှောက်

"ကိုညန့်ထွန်းရေ ... ဟေ့ ကိုညန့်ထွန်း..."

ဟု ဝမ်းသာအားရ ဟစ်ကြွေးခေါ်အော်ကာ၊ အပြေးကလေး ပြန်လာသော ကိုမင်းအောင်ကို တွေ့မြင်လိုက်ရသည်။ ထိုအချိန်က ဝမ်းမြောက်ပုံမျိုးသည် ကျွန်တော်တို့ တစ်သက်တွင် တစ်ကြိမ်တစ် ခါမျှ မကြုံဘူးခဲ့ပေ။ ကျွန်တော်လည်း အပြေးအလွှားသွား၍ ကြိုဆိုမိက...

"ကိုမင်းအောင် ကိုမင်းအောင် သွားလိုက်တာဗျာ၊ ကျုပ်ဖြင့် ခင်ဗျားအတွက် စိတ်ပူလိုက် ရတာ ..."

ဟုပြော၍ မဆုံးသေးမီ...

"အို... ခင်ဗျား စိတ်ပူနေမှာ ကျုပ် အတတ်သိပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ သိချင်တဲ့ ဟောဟို ကျောက်ရုပ်အကြောင်းကို သဲလွန်စ ရတာ နဲ့ အရေးတကြီး လိုက်သွားတာဗျ..."

“သြော်… သိပ်ဟန်လာတာပေါ့၊ ဆိုစမ်းပါအုံးဗျာ၊ ဘယ်သူ့ကျောက်ရုပ်လဲ”

“ခင်ဗျား အရင်တလောက ရန်ကုန်ထောင်ကြီးထဲမှာ ထောင်ထတဲ့ မင်းသားတစ်ဦးကို သတိထားမိရဲ့လား၊ ညောင်အုပ်မင်းသား၊ ညောင်ရမ်းမင်းသားတို့ အနွယ်ထဲက စောနေဒွန်းတို့ စောနေ ဝန်းတို့ ဆိုတဲ့ ညီအစ်ကို နှစ်ယောက်ကိုကော ကြားဖူးရဲ့လား၊ ဗမာပြည်ထဲမှာ မနေဘူးလေ၊ တစ်ယောက်က နယ်ခြားက တရုတ်ပိုင်ထဲ ကူးသွားပြီး၊ တရုတ်တောပုန်း၊ ဓားပြကြီးတွေနဲ့ ပူးပေါင်းနေ တယ်၊ တစ်ခါတလေ ဗမာနယ်စပ်ကို လာလာ ဒုက္ခပေးကြတယ်…”

“အင်း… ဟုတ်တယ်၊ သန့်သန့်တော့ ကြားဖူးတယ်၊ သေသေချာချာတော့ မသိဘူး၊ ပြောစမ်း ပါအုံး၊ မင်းသား စောနေဒွန်းတို့ စောနေဝန်းတို့နဲ့ ဒီကျောက်ရုပ်နဲ့ ဘယ်လို ဆက်သွယ်နေသလဲ…”

“ဘယ်လို ဆက်သွယ်သလဲလို့တော့ အသေအချာ မသိရသေးဘူး။ ဒါပေမဲ့ စောနေဒွန်း၊ စောနေဝန်းတို့ အသင်းဝင်လား၊ တရုတ်တောပုန်း ဓားပြကြီး ချန်စူးရဲ့ အသင်းဝင်လာတော့ မသိဘူး။ ဓားပြဗိုလ် လူရွယ်ရွယ်ချောချောကလေး တစ်ဦးဟာ ဟောဒီကျောက်ရုပ်ကို တစ်နှစ်တစ်ကြိမ် လာလာ ပြီး ကန်တော့တယ်။ ဝါဆိုလပြည့်နေ့တိုင်း အမြဲလာတတ်တဲ့”

“ဟာ ဒါဖြင့် သိပ်ဟန်ကျတာပေါ့၊ အခု ဝါဆိုလဆန်း ၁၃ ရက်ဆိုတော့ အံကျပဲဗျို့၊ ကျုပ်တို့ သိပ်မစောင့်ရတော့ဘူး”

“နေအုံးဗျ ဆုံးအောင်နားထောင်အုံး၊ အဲဒီ ဓားပြဗိုလ်ကလေးဟာ စိတ်လည်း အင်မတန်ထက် တယ်၊ ရက်စက်ရမယ်ဆိုလဲ သူ့ကိုဘယ်သူမှ မမီဘူး၊ တရုတ်တောပုန်း ဓားပြဗိုလ်ကြီးတွေကိုတောင်၊ တစ်ခါတစ်ခါ သူက ခံချတာတဲ့။ ဗမာသော-ရှမ်းသော-တရုတ်သော မရှောင်ဘူး။ သူနဲ့တွေ့တဲ့လူမှန် ရင် သူ့ဓားသွားနဲ့ ရမ်းပစ်တာပဲတဲ့။ အဲ တစ်ခုရှိတယ် ဒီကျောက်ရုပ်ကို လာပြီးကန်တော့တဲ့နေ့

တစ်နေ့ဟာဖြင့် သူဟာ အင်မတန်စိတ်ထားနူးညံ့လာတယ်။ သူနဲ့ ဘာတော်သလဲ မသိဘူး။ ခေါင်းတုန်တုန်၊ လည်တုန်တုန်နဲ့ အသက်ခုနစ်ဆယ်ကျော်လောက်ရှိတဲ့၊ မိုင်းသာအိုမကြီး တစ်ယောက် လည်း ကျောက်ရုပ်ကန့်တော့လာတိုင်း၊ သူနဲ့အမြဲပါလာတတ်တယ်တဲ့၊ ဓားပြဗိုလ်ကလေး ခရီးလွန် နေတဲ့အခါလည်း အမယ်ကြီးတစ်ဦးတည်းသာ လာတတ်တယ်တဲ့... “

“ဒါဖြင့် အဲဒီ ဓားပြဗိုလ်ကလေးနဲ့ တွေ့အောင်စောင့်ပြီး၊ ဒီအရုပ်အကြောင်း ပေးရမှာပေ့ါ....”

“ဟုတ်တယ်၊ ဒါပေမဲ့ တစ်ခုတော့ စိုးရိမ်စရာ ရှိတယ်။ ဓားပြဗိုလ်ကလေးဟာ ကျုပ်တို့ကို အင်္ဂလိပ်အစိုးရ သူလျှိုထင်ပြီး၊ မယုံသင်္ကာဖြစ်လို့ ရန်မူသွားမှာ စိုးရတာ တစ်ချက်၊ ဒီအရုပ်ကို ဘယ်သဘောနဲ့ နှစ်စဉ် လာကန်တော့သလဲ၊ သူ ကိုးကွယ်တဲ့ နတ်အနေနဲ့ ကန်တော့တာလား၊ သို့မဟုတ် ဒီကျောက်ရုပ်နဲ့ သူနဲ့ ဘယ်လို အဆက်အသွယ်ရှိလို့ ရိုသေသမှုပြုတဲ့အနေနဲ့ လာကန်တော့ လေသလား စဉ်းစားစရာ တစ်ချက်၊ နောက်ပြီးတော့ သူ့ကို ဒီကျောက်ရုပ်အကြောင်းမေးရင်၊ ကြိုက်မကြိုက် စဉ်းစားစရာ တစ်ချက် ရှိသေးတယ်...”

“အင်း ... ဒါလည်း ဟုတ်တာပဲ၊ တစ်ခုတော့ရှိတယ်လေ ဘယ်နည်းနဲ့မဆို သူ ရိုသေသမှု ပြုနေတဲ့ ကျောက်ရုပ်ကို၊ ကျုပ်တို့ကလည်း ရိုသေနေတဲ့ အမူအရာ ပြထားရင်၊ သူနဲ့ စိတ်တူသဘောတူ ဖြစ်ပြီး နီးစပ်သွားမှာပဲ”

“ဟုတ်ပီဗျို့ ကိုညွန့်ထွန်း၊ ခင်ဗျားဟာ နာမည်နဲ့လိုက်အောင် ဖြတ်ထိုးဉာဏ်ကလေးတွေ တယ်ထွန်းကားပါသလား၊ ကဲဗျ ခရီးပမ်းလိုက်တာ၊ ခဏ နားစမ်းပါရစေ၊ ကျွန်တော်မှာ ဒီအကြောင်း ကလေးသိဖို့ရာကိုပဲ၊ အသွားအပြန် ခုနှစ်ရက်ခွဲတိတိ ဒုက္ခခံခဲ့ရတယ်...”

ဟုဆိုကာ တဲငယ်အတွင်းသို့ ဝင်လာပြီး အပမ်းဖြေလေတော့သည်။

နောက်တစ်ရက်မှစ၍ ကျွန်တော်နှင့် ကိုမင်းအောင်တို့သည် ကျောက်ရုပ်၏ ပတ်ဝန်းကျင် တစ်ဝိုက်တွင် အမှိုက်သရိုက်များ လှည်းကျင်းသုတ်သင်ခြင်း ကျောက်ရုပ်တွင် ဖုံးလွှမ်းနေသော ရေညှိရေမှော်များကို ဆေးကြော ပွတ်တိုက်ထားခြင်း၊ ကျောက်ရုပ်၏ ရှေ့တွင်လည်း တောပန်း တောင်ပန်းများဖြင့် အလှပြင်ဆင် ထားခြင်းတို့ကို မောရမှန်းပင် မသိအောင် ပြုပြင်ထားကြပါသည်။

နောက်တစ်နေ့ကား ဝါဆိုလပြည့်နေ့ဖြစ်၍ နံနက်စောစောပင် အိပ်ရာမှထပြီး ရှမ်းလိုလို လအယ်လိုလို အဝတ်အစားများကို မဝတ်တော့ဘဲ ဗမာပီပီ လုံချည် ရှပ်အင်္ကျီ အပေါ်အင်္ကျီတို့ကို ဝတ်ဆင်ကာ ဓားပြဗိုလ်ကလေး လာမည့်လမ်းကို မျှော်မှန်းလျက်ရှိကြပါသည်။ သို့နှင့် ကျွန်တော်၏ နာရီမှာ နံနက် ၁၁း၀၀ နာရီထိုး၍ ငါးမိနစ်မျှရှိလျှင်ပင် တစ်ဖက်သော တောင်ကြားဆီမှ ကျွန်တော်တို့ ရှိရာသို့ တရွေ့ရွေ့ လာနေကြသော လူတစ်အုပ်ကို တွေ့မြင်ရပါသည်။ ထိုလူအုပ်မှာ လူမများဘဲ စုစုရရ လူပေါင်း နှစ်ဆယ်လောက်သာရှိလျက် အလယ်မှ တရုတ်ပြည်တွင် အသုံးပြုလေ့ရှိ သော အဝတ်မိုး အဝတ်ကာနှင့် ထမ်းစင်ငယ် တစ်ခုကို လူလေးယောက်က ထမ်းလာပြီး ကျန်လူများ မှာ လှံများ၊ ရဲတင်းများကို ကိုင်ဆောင်၍ ထမ်းစင်၏ ရှေ့နှင့်နောက်မှ ခြံရံလိုက်ပါလာကြသည်ကို တွေ့ရပေသည်။

ကျွန်တော်နှင့် ကိုမင်းအောင်တို့လည်း ဓားပြဗိုလ်ကလေးတို့ လူစုဖြစ်ကြောင်း မြင်ရုံနှင့် သိရပါ သည်။ လက်နက်ကိုင် တပည့်တွေလည်း ပါလာသောကြောင့် အကယ်၍ သာ ကျွန်တော်တို့နှင့် ဘောက်ကျကြမည်ဆိုက အတော် ကြောက်စရာကောင်းပေလိမ့်မည်ဟု တွေးမိပါသည်။ သို့ရာတွင် အားလျော်စွာ၊ အရေးအရာပေါ်လျှင် အသုံးပြုရန် ခါးကြားတွင် ယမ်းတောင့်အပြည့်နှင့် အသင့်ထည့် ထားသော ခြောက်လုံးပြူးများကို စမ်းသပ်ကာ စောင့်စားနေမိကြပါသည်။ သို့နှင့် တစ်ခဏမျှ ကြာလျှင်၊ ယခင် လူတစ်စုသည် ကျောက်ရုပ်အနီးသို့ ရောက်လာကြပြီး ကျောက်ရုပ်အနီးတွင် တစိမ်းနှစ်ဦးကို တွေ့၍

ပြုံးတုံးပြုံတဲ ဖြစ်နေကြရာမှ ထမ်းစင်အတွင်းက လူကို ရှမ်းတရုတ်စကားနှင့် တီးတိုးပြောလိုက် ကြသည်ကို တွေ့ရပါသည်။ ထိုခဏ၌ ထမ်းစင်အတွင်းမှ လူသည် တင်းထိမ်ကလေးကို ဖွင့်လျက် ကျွန်တော်တို့ကို ကြည့်နေပါသည်။ ရှေးဦးစွာသော် ကျွန်တော်တို့သည် ထမ်းစင် အတွင်းမှ ဓားပြဗိုလ် ကလေးဆိုသူပင် ဖြစ်တန်ရာ၏ ဟု ထင်မိသော်လည်း မြင်ရသောအခါ အသက် ၇၀ အရွယ် အိုမင်းရင့် ရော်လှပြီဖြစ်သော မိုင်းသားအမယ်အိုကြီး တစ်ဦးတည်းသာ တွေ့မြင်ရဖြင့် ဓားပြဗိုလ်ကလေး ပါမလာကြောင်း သိရလေသည်။

အမယ်ကြီးသည် ကျွန်တော်တို့ကို မြင်သောအခါ ကျောက်ရုပ်ကို ရှင်းလင်းသုတ်သင်နေသူများ ဖြစ်ကြောင်း မြင်ရုံနှင့် စဉ်းစားမိ၍ လောမသိ ရန်မမူပေ။ အကြီးအမှူးဖြစ်သော အမယ်အိုကြီးက ရန်မမူ လိုသောကြောင့် တပည့်များကလည်း အေးချမ်းသွားကြပုံရလေသည်။ ထိုနောက် အမယ်အိုကြီးသည် ထမ်းစင်ပေါ်မှဆင်းကာ ကျောက်ရုပ်ရှိရာသို့ လူတွဲနှင့် လျှောက်လာလေသည်။ ကျွန်တော်တို့ကလည်း သူတို့အား ရန်လိုသော အမူအရာကို မပြဘဲ အမယ်အိုကြီးကို ရိုသေသမှုနှင့် ခေါင်းညွတ်ကာပင် ကြိုဆိုလိုက်ပါသည်။

အမယ်အိုကြီးလည်း ကျွန်တော်တို့ နှစ်ဦးအား တစ်ခါမျှ မမြင်ဘူးသော လူမျိုးတစ်မျိုးကို တွေ့မြင်ရဘိအလား စိန်းစိန်းစားစား ခြေဆုံးခေါင်းဆုံး စိုက်ကြည့်ပြီးမှ ရှမ်းတရုတ်ဘာသာစကားဖြင့်-

“မင်းတို့ ဘာလူမျိုးတွေလဲ၊ ဒီကို ဘာလုပ်လာကြတာလဲ”

ဟု မေးရာ၊ ကျွန်တော်တို့ကလည်း ရှမ်းတရုတ်စကားနှင့်ပင်-

“ကျွန်တော်တို့ ဗမာလူမျိုးတွေပါ၊ သတ္တုရှာလာပါတယ်။ ဒီအရုပ်ကို တွေ့ရတော့ ကျွန်တော်တို့ ဗမာလူမျိုးရဲ့ အရုပ်တစ်ခု ဖြစ်နေတာကြောင့်၊ ဘာရယ်လို့ မသိရပေတဲ့ ကြည်ညိုတာနဲ့ အရိုအသေ ပြုနေပါတယ်”

ဟု ပြောလိုက်သောအခါ၊ အမယ်အိုကြီးမှာ အတော် အံ့ဩသွားပုံနှင့်

ကျွန်တော်တို့အား သေချာစွာ ကြည့်ပြန်ပါသည်။

“ဟင်… မင်းတို့ ဗမာလူမျိုး ဟုတ်ကဲ့လား”

“ဟုတ်ပါတယ်၊ ကျွန်တော်တို့ ဗမာလူမျိုးအစ်ပါပဲ”

“ဒါဖြင့် ဗမာစကား ပြောစမ်း”

“ကျွန်တော်တို့ ဗမာလူမျိုးပါခင်ဗျာ”(ဗမာစကားနှင့်ပြောသည်)

“ဟုတ်ပီ၊ မင်းတို့ ပြောလိုက်တဲ့ စကားကတော့ ဗမာစကားပဲ၊ သို့ပေတဲ့ မင်းတို့ ဝတ်ထားတဲ့ အဝတ်ဟာ ဗမာလူမျိုး အဝတ်အစား မဟုတ်ဘူး”

ဟု ခပ်ဝဲဝဲ ဗမာစကားနှင့် ပြောလိုက်သောအခါ၊ ကျွန်တော်တို့မှာ ဗမာ စကားကောင်းစွာ ပြောတတ်သော မိုင်းသာအိုမကြီးအား အံ့ဩခြင်း၊ ဂမ်းမြောက်ခြင်းများဖြင့် တစ်ပြိုင်နက် ကြည့်နေမိပါ သည်။ ထိုအခါ အမေအိုကြီးသည် စကားကို ဆက်လက်၍ -

“ငါလည်း ဗမာပဲ၊ ဒါပေမဲ့ ဗမာပြည်က ထွက်လာတာ အနှစ်ငါးဆယ် ကျော်ပြီ၊ တစ်ခါမှ ဗမာကို မမြင်ရတော့ဘူး။ ငါသိတဲ့ ဗမာတွေဟာ မင်းတို့ကို ခေါင်းမှာဆံပင်ဘုတ်စုကလေးတွေနဲ့ မဟုတ်ဘူး၊ ဆံပင်အရှည်၊ တချို့ ပဝါပေါင်းတယ်၊ ဝတ်တဲ့အဝတ်လည်း ဒီအဝတ်မျိုး မဟုတ်ဘူး”

ဟု တိုက်ပုံအင်္ကျီနှင့် လုံချည်များကိုပြ ခေါင်းက ဗိုလ်ကေကို ကိုင်ပြနှင့် လုပ်ပြန်ပါသည်။

“ဟုတ်ပါတယ်၊ ဗမာတွေက လွန်ခဲ့တဲ့ အနှစ်ငါးဆယ်လောက်က အဝတ်အစားနဲ့ အခုခေတ် အဝတ်အစား မတူကြတော့ပါဘူး။ ကျွန်တော်တို့လို ယောကျ်ားများထက် မိန်းမများက သာပြီး ပြောင်း လဲ နေပါသေးတယ်”

ဟု ပြောလိုက်သောအခါ အမယ်အိုသည်-

“သြော်…”

ဟု ရှည်ရှည်ကြီး ငြီးကာ ခေါင်းဆတ်နေရှာပါသည်။ ဤတွင် ကျွန်တော်တို့နှင့် မိုင်းသာ အမယ်အိုကြီးတို့ တွေ့လျှင်တွေ့ခင်း လေပေးဖြောင့်သွားကြကာ၊ ဗမာပြည်အကြောင်း သူ မေးလိုရာ တွေ လျှောက်မေး၍ ကျွန်တော်တို့က စိတ်ရှည်စွာ ဖြေကြားခြင်း၊ ကျွန်တော်တို့ သိလိုသော ကျောက်ရုပ် အကြောင်းကို အမယ်အိုကြီးက ခရေစေ့တွင်းကျ သေချာနစွာ အစီအစဉ်နှင့်ပြောပြခြင်း ပြုရှာတော့သည်ဖြစ်ရာ၊ ကျွန်တော်တို့ ကြားခဲ့ရသမျှ အဆိုပါ အတ္ထုပ္ပတ္တိအား ကျွန်တော်တို့ သိကြသကဲ့သို့ အများထပ်တူ သိရှိတော်မူကြစေရန် နိုင်ငံကျော် စာရေးဆရာမကြီး ဒဂုန်ခင်ခင်လေး အား စီကာပတ်ကုံး ဖွဲ့ဖွဲ့ရေးသားကာ တိုင်းပြည်သို့ ဖြန့်ဖြူးဝေငှစေရခြင်း ဖြစ်ပါတော့ကြောင်း။

ဗမာတစ်မျိုးလုံး ကြီးပွားတိုးတက်၍ လွတ်လပ်ကြပါစေ။

**ညန့်ထွန်း၊ မင်းအောင်။**

*

# ရွှေစွန်ညို
## အခန်း - ၁

ညို့ညို့ဆိုင်းဆိုင်းနှင့် မှိုင်းဝေရီမှောင်သော တောင်စဉ်တောင်ထွတ်တို့ အလယ်၊ အသွယ်သွယ် သော စိမ့်စိမ့်ရေတံခွန်နှင့် ဟေမဝန်မြိုင်နန်းကြီးအတွင်း၌ အစဉ်တစိုက် စုလိုက်၊ အုပ်လိုက်၊ တရွေ့ ရွေ့၊ တလျားလျား သွားနေသော လှည်းတန်းကြီးတစ်ခုကား မိုးနဲမြို့သို့ ဈေးနေ့အမီ အရောင်းအဝယ် လိုက်ကြသော လူတစ်စု၏ လှည်းတန်းကြီး ဖြစ်လေ၏။

အဆိုပါ လှည်းတန်းကြီးသည် မြေပေါ်တွင် တွား၍ သွားနေသော ပိုးတီကောင်ကြီးသဖွယ် အသွယ်သွယ်သော တောအုပ်တောင်တန်းများကို ဖြတ်သန်းကျော်လွန်လာပြီးနောက် တစ်ခုသော ရေတံခွန် စမ်းချောင်းအနီးရှိ ကျယ်ပြန့်သော လွင်ပြင်အရပ်တစ်ခုသို့ရောက်လျှင် ပစ္စည်းဝန်စည် အပြည့်ပါသော အမိုးပိတ်လှည်းကြီးများအနက် ရှေ့ဆုံးလှည်းမှ လှည်းအုပ် ဖြစ်သော ရှမ်းလူမျိုး တစ်ဦးက မတ်တတ်ထ၍ နောက်သို့လှည့်ကာ အမိန့်ပေးလိုက်သည်နှင့် တစ်ပြိုင်နက် နောက်လိုက် လှည်းများမှာလည်း ခရီးညွှန်ကြားသူ လှည့်အုပ်၏ အမိန့်စကားကြားရလျှင် နံနက်စာအတွက် ချက်ပြုတ်စားသောက်ချိန် ရောက်ပြီဟူသော အထိမ်းအမှတ်ကို သိကြသဖြင့် လှည်းများကို ကိုယ်စီရပ် ကာ လှည်းဝိုင်းချရပ်နားလိုက်ကြလေ၏ ။

မြင့်မားသော တောင်ကမ်းပါးတစ်ခုပေါ်မှ မြင်းညိုကြီးကို စီးလျက် သပြေညိုရောင် ခြုံထည်ကြီး တစ်ခုကို သိုင်းခြုံကာ ခေါင်းတွင် ရွှေရောင်တဝင်းဝင်းရှိသော သိန်းစွန်ငှက်သဏ္ဌာန် ထုလုပ်ထားသည့် မောက်တိုကို မေးသိုင်းကြိုးနှင့် ကျနသေသပ်စွာ ဆောင်းဆင်ထားသော ခွန်အားဗလကောင်းသည့် နုနယ်ပျိုရွယ်သော လုလင်ပျိုတစ်ဦးသည် အနောက် နိုင်ငံထွက် ရေးကျသော မှန်ပြောင်းတစ်ခုနှင့် တောင်ကြားမြေကွက်လပ်တွင် စတည်းချနေသော လှည်းဝိုင်းကြီးကို စေ့စပ်သေချာ စွာကြည့်ရှုလျက်ရှိ လေ၏။

မှန်ပြောင်းဂတွင် တွေ့မြင်ရသော လှည်းအုပ်ကြီးပါ လူတစ်စုမှာ တောရောမြို့ပါ ရှမ်း-မြန်မာ အမြောက်အမြားနှင့် စွန့်စွန့်စားစား စီးပွားရှာလာကြသူ အမည်းငယ်မျှသာ တရုတ်၊ ကုလား စသည်ဖြင့် လူပေါင်းစုံပါဝင်၍ အချို့လည်း ကိုယ့်လူစုနှင့်ကိုယ် ချက်ပြုတ်စားသောက်လျက်၊ အချို့လည်း အနီးရှိ ချောင်းငယ်မှ ရေများကို အလိုရှိရာ သယ်ယူ၍ လည်းကောင်း၊ အချို့ ရေချိုးလျှော်ဖွတ်၍ လည်းကောင်း၊ အချို့သောသူတို့သည် အချင်းချင်း သင့်ရာပြောဆို တိုင်ပင်နှီးနှော၍ အချို့လည်း ရောင်းချရန် သယ်ယူလာသော ပစ္စည်းများ ပြသ ဈေးနှုန်းတွက်ချက် နေကြလေ၏။

လုလင်ပျိုသည် မှန်ပြောင်းကို မျက်လုံးမှ ခွာလိုက်ကာ စိတ်ကျေနပ်သွားသကဲ့သို့ တစ်ဦးတည်း ခပ်ပြုံးပြုံး ခေါင်းညိတ်လိုက်ပြီး မိမိ၏ မြင်းကြီးကို ဖနောင့်နှင့် တစ်ချက်မျှ တို့လိုက်ရာ မြင်းကြီးမှာ တိမ်ယာဉ်ပျံ သိန္ဓေနတ်မြင်းကြီးအလား လွှားခနဲပတတ်ရပ်ပြီး ကမ်းပါးကြီး ထိပ်မှ ရုတ်တရက် ပျောက်ကွယ်သွားလေ၏။ လှည်းဝိုင်းကြီးမှ လူတစ်စုကား အချိန်ရခိုက် လုံ့လစိုက်ကာ နံနက်စာအဖို့ကို ကိုယ့်ဆိုင်ရာဆိုင်ရာ လူစုအတိုင်း ဝိုင်းဖွဲ့ ချက်ပြုတ်စားသောက်နေကြမြဲ နေကြလေသေးသည်။ ထိုလူတစ်စုတွင် ရွှေမြို့တော်ကြီးမှ ခင်ဘုန်းမြင့်ဆိုသူ မန်းမပျိုလေး တစ်ဦးလည်း အစေခံ မိန်းမဖော် နှစ်ဦးနှင့် မိုးနဲမြို့သို့ ခရီးသည်အဖြစ် လိုက်ပါလာလေရာ အဆိုပါ ခင်ဘုန်းမြင့်မှာ ထီးသွေးနန်းဟန်နှင့် ကြန်အင်လက္ခဏာ ပြေပြစ်လှချော မြင်သူမောမလောက်ရှိသော သူ၏ နဂိုရုပ်ကို လျှို့ဝှက်ဖုံးဖိကာ အမျိုးအမည်မထင်ရှားသော သာမန်ခရီးသည် မိန်းမသားတစ်ကဲ့သို့ အမှတ်မထင် လိုက်ပါလာလေ၏။

ခင်ဘုန်းမြင့်သည် ခြေညောင်းလက်ဆန့်ပြုရန် လှည်းပေါ်မှ ဆင်းကာ နောက်ပါ မိန်းမနှစ် ယောက်နှင့်အတူ မနီးအဝေးရှိ စမ်းချောင်းထိပ်မှ ကျောက်တုံးကြီး တစ်ခုဆီသို့ ရောက်လာလေ၏။

ခင်ဘုန်းမြင့်မှာ ကျောက်တုံးထိပ်မှရပ်ကာ မိမိတိုလာခဲ့သော လမ်းမကြီးကို အစဉ်တစိုက် ပြန်လည်ရှုမျှော်လိုက်ပြီး စိတ်ထဲတွင် သူ၏ ဇာတိဌာနဆီသို့ သတိရလာဘိအလား မျက်နှာများ ညှိုးသွားသည်ကို တွေ့ရသောအခါ နောက်ပါးမှာ ပါလာသော အစေခံ မိန်းမဖော်နှစ်ယောက်သည် တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လျက် လက်တိုပ ခြေတို့နှင့်. . .

"ဘယ်နဲ့လဲအေ သူဇာ၊ မဘုရားလေး ဒီနေ့ တယ်ပြီး မျက်နှာမသာပါလား"

"ဟုတ်တယ်၊ မာလာရေ့ လာခဲ့တဲ့လမ်းကို မျှော်မှန်းပြီး မျက်နှာလေး အတော်ညှိုးနွမ်းသွား တယ်"

မာလာ ။ ။ "ခရီးလလည်းပမ်း၊ လမ်းကလည်းကြမ်း၊ ဒီလို ကြောက်စရာကောင်းတဲ့ တောလမ်း ခရီးမျိုးကိုလည်း မအေ မွေးတဲ့နေ့က စပြီး ဒီတစ်ခါသာ စွန့်စွန့်စားစားနဲ့ ရဲအားကိုးပြီး ထွက်လာခဲ့ရတာ ကလားအေ၊ မဘုရားလေး သတ္တိကောင်းလို့သာ ဒီအနေလောက် ခံနိုင်ရည်ရှိသေး တာ သူများတကာဆိုရင်"

သူဇာ ။ ။ "ဟော့. . . ဟော့ လာ ဟိုမှာ မဘုရားလေး လက်ယပ်ခေါ်နေပြီ. . ."

ခက်ဘုန်းမြင့်သည် ကျောက်ကမူကလေးသဖွယ် စွန်းထွက်နေသော ကျောက်တုံးတစ်ခုပေါ်တွင် တင်ပါးလွှဲထိုင်ကာ တောအထပ်ထပ် တောင်အသွယ်သွယ်ကို မျှော်မှန်းနေရာမှ အနီးသို့ ရောက် လာသော သူဇာနှင့် မာလာ တို့အား . . .

"သူဇာတို့ မာလာတို့ရေ တို့ဖြင့် ရွှေမြို့တော်ကြီးနဲ့ တဖြည်းဖြည်း ဝေးလာကြပြီနော်. . ."

ဟု ညှိုးငယ်သော မျက်နှာနှင့် ပြောလိုက်လေ၏ ။

သူဇာ ။ ။ "လွမ်းတော်မူသလား မဘုရားလေးရဲ့. . ."

မြင့် ။ ။ "ကိုယ်ဇာတိ ကိုယ့်နေရပ်ဆိုတော့ လွမ်းတာပေါ့အေ . . ."

မာလာ ။ ။ "ဒီလို လွမ်းနေမှာဖြင့်လဲ တောကြီးတောင်ကြီးထဲကို ဘာပြုလို့ ဒုက္ခခံပြီး ထွက်ပြေးလာရသေးသလဲဘုရား၊ ကိုယ့်ဌာနမှာ ကိုယ် ပျော်ပျော်ကြီး နေတော်မူပေါ့. . .

မြင့် ။ ။ "မနေသာလို့ ပြေးလာခဲ့ရတာ ပေါ့ မာလာရယ်၊ နေသာရင် ဒုက္ခခံပြီး ပြေးလာစရာ မလိုပါဘူး. . ."

သူဇာ ။ ။ "ဩော်... စပ်မိလို့ရှိမှ ပြေးလာရတဲ့အကြောင်းကလေး တစ်ဆိတ် အမိန့်ရှိပါ လား မဘုရားလေးရယ်၊ ဖျကျမတို့မှာ မဘုရားလေး အရေးတကြီး ခေါ်လာလို့သာ ပျာယီးပျာယာ ထလိုက်လာရတယ် ဘာအကျိုး ဘာအကြောင်းမှ မသိရသေးဘူးဘုရား. . ."

မြင့် ။ ။ "အေး. . . အေး. . . ညည်းတို့ သိချင်လဲ ပြောရတာ ပေါ့၊ ငါ ပြေးလာရတဲ့အ ကြောင်းက ဒီလိုအေ့၊ တိုတိုပြောရမှာဖြင့် ဘဘ ဘုရားက အတွင်းဝန် ရာထူးရအောင် ငါ့ကို ရွှေနန်းရှင် ဘုရား ဆက်မယ်လို့ မေမေဘုရားနဲ့ ကျိတ်ပြီး ကြံနေကြတယ်။ သူတို့ကို ကြိုးဆွဲကြိုးကိုင် လုပ်နေတာ ကလည်း ရွှေနန်းရှင်ဘုရားက အင်မတန် သဒ္ဓါတော်မူနေတဲ့ အတွင်းဝန်ကြီး တစ်ပါးအေ့၊ ဆက်တော့ မယ် နေပိုင်း ရက်ပိုင်းကလေးလောက်သာ လိုတော့တယ်။ ဒါကြောင့် ငါ့မှာ မိဖုရားဖြစ်ရာမှာ ကြက်သီး မွေးညှင်း ထအောင် ကြောက်လွန်းလို့ ခုလို တိတ်တဆိတ်ကျိတ်ပြီး ထွက်ပြေးလာခဲ့တာကလား . . ."

မာလာ ။ ။ (ရင်ကိုပုတ်ကာ အံ့ဩသော မျက်နှာနှင့်) "မိဖုရား ဖြစ်ရမှာ ကြောက်တယ်လို့ များ ရှိရသေး မဘုရားလေးရယ်၊ ဖျ ကျမတို့များ ဖြစ်ချင်လွန်းလို့ ဆုတောင်းနေတာတောင် မိဖုရားထား လို့ လူပျိုတော်သားရဲ့ မယားတောင် မဖြစ်နိုင်လို့ ခက်နေသေးတယ်. . ."

သူဇာ ။ ။ "ဟုတ်တယ် ညည်းလို မည်းမည်းခြောက်ခြောက် ပိန်ပိန်လိန်လိန် ရုပ်မျိုးကို လူပျိုတောသားတွေက မမြင်ဘူးတော့၊ တို့လို ဖြူဖြူတုတ်တုတ် တစ်ပွေ့တစ်ပိုက်ကြီးမျိုးဆိုရင်လည်း ဟုတ်သေးရဲ့. . ."

မာလာ ။ ။ (ရယ်လျက်) "နို့ မသူဇာကို ဖြူဖြူတုတ်ကြီးမို့၊ လူပျိုတော်တွေ ဝိုင်းကြိုက်နေ လို့၊ ရည်းစားတွေ မှိုလိုပေါက်နေမှာပဲနော်"

သူဇာ ။ ။ "ဟင့်အင်း. . . တစ်ယောက်မှ မရှိပါဘူး၊ ကျုပ်က ဒါလောက်များ မမှန်းသေး ဘူး ရှင်မာလာရဲ့၊ တကယ့် အဓိပတိကြီးတွေကို ချိန်နေတာ၊ မင်းခေါင်သူရိန်ဆိုတဲ့ ဝန်ကြီးတစ်ပါးမှာ မယား သေပြီဆိုလို့ လိုက်လာရတယ်၊ လွဲချင်တော့ ဒီလိုကြုံဖန်ပြီး ဖြစ်ရတာ ပဲလေ၊ စိတ်လည်း မဆိုးနဲ့ ဘုရား့၊ မဘုရားလေးသည်း မိဖုရားဖြစ်မယ့် ဆဲဆဲက ခုလို ထွက်ပြေးလာတာ အင်မတန် လွဲတယ်လို့ ထင်တာပဲဘုရား့"

ဟု ဂမ်းနည်းသံနှင့် ပြောလေ၏ ။

မာလာ ။ ။ "ဟုတ်ပါရဲ့ မဘုရားလေးရယ်၊ မသူဇာ ဝန်ကြီးကတော် မဖြစ်ရတာ ထက်၊ မသူဇာ

ဝန်ကြီးကတော် မဖြစ်ရာတာထက်၊ မမဘုရားလေး မိဘုရားမဖြစ်ရတာ နာတာပဲ ဘုရား"

သူဇာ ။ ။ "ဟုတ်သားပဲ မဘုရားလေးရယ်၊ ခုနှယ် မေဘုရားကြီးလည်း မဘုရားလေး ပျောက်လို့ ဒုက္ခရောက်ရှာလှရော့မယ်၊ ပြန်ကြပါစို့ ဘုရား . . ."

ခင်ဘုန်းမြင့်သည် ရုတ်တရက် မျက်မှောက်ကုတ်ကာ မျက်နှာထား တင်းတင်းနှင့်...

"ဟော့... တော်ကြ တော်ကြ၊ ညည်းတို့က ဘာစကားတွေ ပြောနေကြတာလဲ၊ ဘဘဘုရားနဲ့ မေမေဘုရားတို့ စကားမှ နားမထောင်ဘဲ

ထွက်ပြေးလာခဲ့သေးတာ ခုမှ ညည်းတို့ စကားကို နားထောင် နေရအုံးမှာလား၊ ညည်းတို့ သဘောမကျလို့ ငါ့နောက် မလိုက်ချင်ကြရင် ပြန်သွားကြ . . .”

ဟု ပြောလိုက်သောအခါ သူဇာနှင့် မာလာတို့မှာ ပြုံးကာရယ်ကာနှင့် မိမိတို့သခင်မကို ချော့မော့ပြီး-

“အိုး… မဘုရားလေး စိတ်ဆိုးတော်မူရင်လဲ မပြောပါဘူး၊ ဖျကျွမတို့က မဘုရားလေး ကောင်းစားကြီးကျယ်တာ မြင်ချင်တဲ့အတွက် ပြောနေတာပါ…”

မြင့် ။ ။ “အေးလေ… ညည်းတို့ကတော့ အတွင်းရေးကို မသိရှာကြတဲ့အတွက်၊ မိဖုရား မဖြစ်ချင်လို့ ထွက်ပြေးလာတာကို အံ့ဩမယ်ဆိုလဲ အံ့ဩစရာပေါ့။ ဒီတော့ ငါဘာကြောင့် မိဖုရား မဖြစ်လိုဘူးဆိုတာ ပြောပြမယ်။ ဒီနားတိုး နားထောင်ကြ …”

သူဇာနှင့် မာလာတို့သည် ခင်ဘုန်းမြင့် တင်ပါးလွှဲ ထိုင်နေသော ကျောက်တုံးကြီး အနီးသို့ ကပ်ထိုင်ကာ စိတ်အားထက်သန်စွာ နားထောင်နေကြလေ၏ ။

မြင့် ။ ။ “မိန်းမဘဝမှာ ရှင်ဘုရင်ကတော် ဖြစ်ရတာ ဟာ အတန်းကုန်ပဲအေ့၊ ဘယ်သူ မဆို ရှင်ဘုရင်ရဲ့ မြောက်သားတော် ဖြစ်ချင်ကြတာပေါ့။ ဒါပေမဲ့ တို့လက်ထက်မှာ ဘုရင် ဖြစ်နေရှာတဲ့ သီပေါ ရွှေနန်းရှင်ခမျာမှာတော့ မိဖုရားကြီးရဲ့ ဩဇာက တစ်နန်းတော်လုံးကို လွှမ်းဖုံးနေတယ်။ အဲဒီ လို ဘုရင်ထက် မိဖုရားကြီးက ဩဇာကြီးရုံမက မိဖုရားကြီးရဲ့ စိတ်တော်ကလည်း ခက်ထက်တော်မူလွန်း တော့ မိဖုရားငယ် ဖြစ်ရတဲ့ သူများ အသက်အန္တရာယ် မကင်းဘူးအေ့…”

သူဇာ ။ ။ “ဟုတ်တယ် မာလာရေ၊ မဘုရားကလေး ပြောတော်မူမှ သတိရတယ်။ တို့ ရွှေနန်းရှင် မင်းကလေးဟာ သူများ ရှင်ဘုရင်များလို မိဖုရားကြီးမှတစ်ပါး ဆောင်ရ နန်းရ မိဖုရားငယ် ဆိုလို့ တစ်ဦးမှ မရှိဘူး။ အဲဒါဟာ

သူ့မိဖုရားကြီးကို ရှုံ့တော်မူလို့ အပိုမိဖုရား မထားရတာ နဲ့ တူတယ်…”

မြင့် ။ ။ “အို… ငါပြောရင် ငြိမ်ငြိမ်နားထောင်စမ်းပါအုံး၊ မိသူဇာကဖြင့် အင်မတန် လျှာ အတက်ပေါက်ချင်တယ်…”

သူဇာ ။ ။ “ကဲ ကဲ ဆက်ပြီး မိန့်တော်မူပါ၊ ဖျကျမများ ငြိမ်ငြိမ်နားထောင်ပါမယ်…”

မြင့် ။ ။ “ဒိုင်းအတွင်းဝင်သမီးနဲ့ ပင်းအတွင်းဝန်သမီးများ ကောက်တော်မူတုန်းက

ခမျာများလည်း မိဖုရားကလေးဘဂမှ ထင်ထင်ပေါ်ပေါ် မရောက်ရရှာသေးခင် ဒုက္ခဘေးကြီး အဆိုက်ခံ ကြရရှာတယ်။ သူတို့တွင် မကသေးဘူး၊ ဒီကိစ္စမှာ အားပေးကူညီမိကြတဲ့ ရနောင်မင်းသား၊ ပင်းသား မင်းသား၊ တောင်သမန်လယ်စား၊ အက္ကပါတ်မြင်းဝန်တို့လည်း တသီတတန်းကြီး ရာဇဝတ် သင့်ခံသွား ကြရတာ ညည်းတို့ မကြားလိုက်ဘူးလား”

မာလာ ။ ။ “သြော်… ကြားတယ် ဘုရာ့၊ ကြားတယ်၊ ဘာကြောင့် ရယ်လို့တော့ သေသေချာချာ မသိဘူး။ ဖျကျမရဲ့ မောင်တစ်ဂမ်းကွဲတော်ကလေး တစ်ယောက်က တိုင်တားမင်းကြီး အိမ်တော် မြင်းဇောင်းမှာ အမှုထမ်းရတာ နဲ့ သူမြင်ရတဲ့အတိုင်း ပြောပြလို့၊ ဖျကျမ သနားလိုက်တာလေ ဒိုင်းဝန်သမီး ခင်ခင်ကြီးဆိုတာ လှလိုက်တာလဲ လွန်လို့တဲ့၊ ဘယ်လိုရာဇဝတ်မှုမျိုးရယ်လို့တော့ မသိဘူးတဲ့ဘုရာ့၊ တိုင်တားမင်းကြီး မြင်းဇောင်းထဲမျ ကြိုးနဲ့တုတ်ပြီး ၄-၅ ရက်ထားသတဲ့၊ ခင်ခင်ကြီး ကလည်း နေ့တိုင်း နေ့တိုင်း ငိုပြီး လွှတ်ဖို့ရာ မင်းကြီးကို တောင်းပန်နေရှာတယ်၊ တိုင်တား မင်းကြီး ကလည်း သနားရှာလွန်းလို့တဲ့၊ ခင်ကြီးရယ် ဘိုးဘိုးလည်း မကပ်နိုင်ဘူးကွယ်၊ အမိန့်တော် ကြီးက ပြန်းထန်လွန်းလို့ ဘိုးဘိုး အသက်ရှူကျပ်လှသကွယ်နဲ့ နေ့တိုင်း ပြန်ပြန်ပြောရှာသတဲ့ဘုရာ့။ အဲဒီ လိုနဲ့ နောက် ၂ ရက်လောက်ရှိတော့ ပါးကွက်နှစ်ယောက် ပေါက်လာပြီး ခင်ခင်ကြီးကို

မြင်းဓောင်းထဲက ထုတ်ယူသွားတာပဲတဲ့ ဘုရား၊ ဒီဟာ ခုနင်က မဘုရားလေး မိန့်တော်မူတဲ့အတိုင်း ဘုရင် ကောက်လို့ ရာဇဝတ်မှု ရောက်ရရှာတာ နေမှာပဲနော်…”

မြင့် ။ ။ “နေမှာပဲမဟုတ်ဘူး၊ ဒီအပြစ်ကြောင့် သေရတာ အမှန်ပဲ၊ အဲဒီတော့… သခြား မိဖုရားခေါင်းကြီးတွေလို ဆောင်ရ၊ နန်းရ၊ မိဖုရားငယ်တွေအပေါ်မှာ ညှာတာတတ်တဲ့ မိဖုရားခေါင်းကြီး မျိုး အဟုတ်သူရဲ့ လက်အောက်မှာ မိဖုရားငယ်ဖြစ်ရလို့ ဘယ်မှာ အရသာ ရှိနိုင်ပါမလဲ၊ နှစ်ရက်တစ် မွန်းတည့်လောက် မိဖုရားကလေးဖြစ်ရမယ့်အတွက် အသက်နဲ့လဲယူရမှာကြီးတော့ ညည်းဖြင့် လုပ်ချင်မလားလို့ စဉ်းစားကြည့်စမ်းပါလား…”

သူဇာနှင့် မာလာတို့သည် ကြောက်ကြောက်ရွံ့ရွံ့နှင့် ကြောတွန့်၍ သွားကြလေ၏။

မာလာ ။ ။ “အလိုလေ… ဒီလိုဆိုတော့ ကြောက်စရာကြီးပါလား။ ဒါနဲ့များ မေမေဘုရား ကြီးတို့က မဘုရားလေးကို ဘာပြုမယ့် ဆက်ချင်ကြပါလိမ့်နော…”

မြင့် ။ ။ “ဘယ်သူသေသေ၊ ငတေမာပြီးရောဆိုတဲ့ လူစားတွေက ရွှေနန်းရှင်ဘုရားရဲ့ ဆုတော်လာဘ်တော်ကို မျှော်ပြီး၊ အဘိုးကြီး၊ အမယ်ကြီးကို ဘေးမရှိလေဟန်နဲ့ ကြံကြံဖန်ဖန် အယုံ သွင်းပြီး နားချနေကြတာကိုးအေ့…”

သူဇာ ။ ။ “နန်းမတော်ကြီးကလည်း တယ်စည်းကြပ်တော်မူပါလား”

မာလာ ။ ။ “ဒီလိုသာဖြင့် နတ်ရွာစံ မင်းတုန်းမင်းတရားကြီးဘုရားမှာ မိဖုရားပေါင်း ၄၅ပါး

တောင် ရှိနေတာ မခက်သေးဘူးလား၊ မိဖုရားတွေဟာ အဆောင်အယောင် အခမ်းအနားနဲ့ ခြွေရံသင်း ပင်းနဲ့ ကိုယ့်စည်းစိမ်နဲ့ကိုယ် ပျော်လို့…”

မြင့် ။ ။ "ဒါကတော့ မင်းတုန်းမင်းတရားကြီးနဲ့ မိဖုရားခေါင်ကြီးက ပညာရှိ မိန်းမမြတ် သူတော်ကောင်း သက်သက်ကြီးကိုး..."

သူဇာ ။ ။ "ဒါပေတဲ့ မဘုရားလေးရယ် ဖျကမ သဘောတော့၊ ဘယ်သူက ဘာပြောပြော ကိုယ့်လင်ကိုယ်ပဲ အားရပါးရကြီး ချစ်ချင်တာပဲ..."

မာလာ ။ ။ "ညည်းကလည်းအေ အကောင်အထည် ရှာမရသေးတဲ့ လင်ကို ဒါလောက် သဝင်ကြောင် မနေပါနဲ့အုံး..."

သူဇာ ။ ။ "ကြောင်ရတယ်အေ ကြောင်ရတယ်..."

ထိုအခိုက် စမ်းချောင်းကလေး တစ်ဖက်မှ အညိုရောင် ခြုံထည်ကို လွှမ်းခြုံထားသော လုလင် ပျိုတစ်ဦးသည် ခင်ဘုန်းမြင့်အား စိန်းစိန်းစားစား စိုက်ကြည့်နေလေ၏။ ထိုလုလင်ပျိုမှာ ယခင် ကမ်းပါး ထိပ်မှ မြင်းစီးကာ မှန်ပြောင်းဖြင့် ကြည့်နေသော လုလင်ပျိုပင် ဖြစ်စေကာမူ ခေါင်းတွင် ဆောင်းထား သော သိန်းစွန်ငှက်သဏ္ဍာန် ရွှေရောင် ခမောက်ကြီး မပါဘဲ၊ သာမန် ရှမ်းလုလင်ပျို တစ်ဦးကဲ့သို့ အညိုရောင် ဦးရစ်ခေါင်းပေါင်းကြီးကို ပေါင်းထုပ်ထားလေသည်။ ထိုသူသည် ထီးမူနန်းဟန်နှင့် အသွင်သဏ္ဍာန် ထူးခြားလှပသော မိန်းမပျို ခင်ဘုန်းမြင့်အား ချစ်ခင်နှစ်သက် စုံမက်မြတ်နိုးလှသော မျက်နှာထားနှင့် အားပါးတရ ငေးစိုက်ကြည့်နေမိလေသည်။

အစေခံ မိန်းမငယ် နှစ်ယောက်နှင့် ရောင်တတ်လေးဆယ် ဆက်လက်ကာ ပြောနေသော ခင်ဘုန်းမြင့်သည်လည်း ထိုခဏ၌ ပင် စမ်းချောင်းတစ်ဖက်သို့ မျက်နှာမူလိုက်မိသည်ဖြစ်ရာ မိမိအား စိန်းစိန်းစားစား စိုက်ကာကြည့်နေသူ ရှမ်းလူပျိုချော တစ်ဦးကို အမှတ်မထင် တွေ့မြင်လိုက်ရသော အခါ၊ ကြည့်ပုံ ထူးခြားသောကြောင့် စိတ်ထဲတွင် ထိတ်ခနဲ ဖြစ်သွားပြီး ဤနေရာတွင် ကြာရှည် ထိုင်နေရန် စိတ်မရဲသည်နှင့်...

"ကဲ... လာကြအေ... တောထဲတောင်ထဲမှာ အဖော်တွေနဲ့ ခွဲပြီး

စကားအငြင်းအခုံ မပြတ်ကြ သေးသော သူဇာနှင့် မာလာတို့လည်း ခင်ဘုန်းမြင့် နောက်မှ ပါလာကြလေ၏ ။

လှည်းဝိုင်းအတွင်းသို့ ရောက်သောအခါလည်း မိမိတို့လှည်းနှင့် မနီးမဝေးတွင် လဖက်ရည် ကြမ်းအိုးတစ်ခုနှင့် စကားဝိုင်းဖွဲ့နေကြသော ရှမ်းကုန်သည်၊ မြန်မာကုန်သည် အဘိုးကြီး ၄၊ ၅ ဦးမှာ ကျယ်လောင် ကျယ်လောင်နှင့် စကားပြောဆိုနေကြသည်ကို တွေ့ရသဖြင့် ခင်ဘုန်းမြင့်တို့မှာ မိမိတို့ လှည်းပေါ်မှ ထိုင်ကာ နားစိုက်ထောင်နေမိကြလေ၏ ။

မြန်မာကုန်သည် အဘိုးကြီး ။ ။ "ဘုရားဒကာရေ့၊ ကျုပ်တော့ အရောင်းအဝယ်ကိစ္စ

ကြောင့်သာ၊ ထုံးစံ မပျက် လာ လာနေရတယ်၊ ခုတစ်လော ခင်ဗျားတို့ ရှမ်းပြည်ကို တယ်မလာချင် လှဘူးဗျာ"

ရှမ်းကုန်သည် ။ ။ "ဘာကြောင့်တုံးဗျ၊ အရောင်းအဝယ် ညံ့ဖျင်းလို့လား"

မြန်မာ ။ ။ "ဟာ… အရောင်းအဝယ်ကိစ္စကတော့ မညံ့လှပါဘူး၊ ရှေးကလိုပါပဲ၊ ဒါပေမဲ့ ခုတလော ခင်ဗျားတို့ဆီမှာ ခရီးလမ်းပန်း တယ်မသာယာလှဘူးဗျာ၊ တောပုန်း ဓားပြတွေ ထနေလို့ ခရီးသွား ကုန်သည်များမှာ ကြီးလန့်စာ စား အသက်စွန့်ပြီး သွားနေရတယ်လို့ သတင်းကြား တယ်၊ အဲဒီ တောပုန်း ဓားပြတွေထဲမှာ ရွှေစွန်ညို့ဆိုတဲ့ ဓားပြဗိုလ်ကြီး အုပ်ချုပ်တဲ့ ဓားပြလူဆိုး တစ်သိုက်ဟာ အတိုက်အခိုက် အလုအယက် တယ်ရက်စက်ဆိုပဲ၊ ကျုပ်တို့လို လက်နက်မပါဘဲ ရိုးရိုးသားသား သွားလာနေကြတဲ့လူတွေ မဆိုထားနဲ့ လက်နက်အားနဲ့ တပ်သား အပြည့်အစုံပါတဲ့ မင်းဘဏ္ဍာ ပစ္စည်းများကိုတောင် ရအောင် တိုက်ခိုက် လုယက်ယူနေဆို မဟုတ်လား၊ ရွှေစွန်ညို့ ဆိုးသွမ်းသောင်းကျန်းနေတဲ့ သတင်းဟာ ခင်ဗျားတို့ ရှမ်းပြည်တွင်မက ကျွန်တော်တို့ မြန်မာ နေပြည် တော်ကြီးမှာတောင် အင်မတန်

သတင်းကြီးနေတယ်ဗျ…”

ရှမ်း ။ ။ “အင်း… ရွှေစွန်ညိုတို့ လူစုသောင်းကျမ်း နေတာကတော့ အမှန်ပေါ့ဗျာ၊ ရွှေစွန်ညို သောင်းကျမ်းတာလည်း တစ်မျိုးပါပဲ၊ တစ်ခါတလေလည်း ခင်ဗျားတို့ ဗမာရှင်ဘုရင်ကို ပုန်ကန်ခြားနားတဲ့ သူပုန်စော်ဘွားကြီးတွေရဲ့ လူစုထဲက ထွက်ထွက်သောင်းကျန်းတာက ရှိသေး တယ်”

မြန်မာ ။ ။ “အဲဒါကြောင့် ကျုပ်တို့မှာ လာသာ လာရတယ် ရှေးကလို ခြေခင်းလက်ခင်း မသာယာတော့ ကြောက်ကြောက်လန့်လန့်ပဲဗျ”

ရှမ်း ။ ။ “အင်း… ကြောက်မယ်ဆိုလည်း ကြောက်စရာပေါ့ဗျာ။ သြော်… ဒါပေတဲ့ တစ်ခုတော့ ရှိတယ်ဗျ၊ ကျုပ် သိရသလောက်ဖြင့် ရွှေစွန်ညိုဆိုတဲ့ ဓားပြကြီးဟာ လူ့အသက်ကို ဖက်ရွက်ခြောက်ကလေးလောက်မှ ပမာဏ မထားအောင် ရက်ရက်စက်စက် သောင်းကျမ်းနေပေတဲ့ ကျုပ်တို့လို ဆင်းရဲသား ကုန်သည်၊ အရပ်သူ အရပ်သားများ အပေါ်မှာ ဘယ်အခါမှ ဒုက္ခ မပေးဘူးဗျ၊ သူ ဒုက္ခပေးတာ အခံရဆုံး လူများဟာ မင်းမှုထမ်းသားတွေသာ များတယ်၊ အခွန်ဘဏ္ဍာ ပစ္စည်းများကို မြန်မာဘုရင် ဆက်ဖို့ရာ၊ စစ်အမှုထမ်းတွေ ခြံရံပြီး ဆောင်ကြဉ်းသယ်ပိုးသွားတိုင်း လမ်းကဖြတ်ပြီး တိုက်ခိုက်ယူလိုက်တာပဲ၊ ဘယ်လောက်များ ဆိုးသလဲဆိုရင် မြန်မာဘုရင်ကို ဆက်သဖို့ အခွန် ဘဏ္ဍာနဲ့ လက်ဆောင်ပစ္စည်းများဟာ ဘုရင့်လက်ကို မရောက်တာ တစ်နှစ်ကျော် နှစ်နှစ်နီးပါး ရှိလာပြီ တဲ့ဗျာ၊ ဒါကြောင့် ရွှေစွန်ညိုကို ဖမ်းဆီးနှိမ်နှင်းဖို့ ဘုရင့်အထူးတပ်တော်ကြီးတွေတောင် ကျုပ်တို့ ရှမ်းပြည် ပို့ပို့နေရတယ်”

မြန်မာ ။ ။ “သြော်… တပ်တော်နဲ့တောင် ဖမ်းဆီးရသလား၊ ဒါဖြင့် မကြာခင် ဖမ်းမိတော့ မှာပေါ့”

ရှမ်း ။ ။ “ခဲယဉ်းပါတယ်ဗျာ၊ ရွှေစွန်ညိုရဲ့ အစွမ်းသတ္တိဟာ အတော် ချီးမွမ်းဖို့ကောင်း တယ်၊ သူ့လူစု အင်အားကလည်း အင်မတန်များပြားခိုင်လုံတယ်။

ဆိုးသွမ်းရက်စက်တဲ့ နေရာမှာလည်း အတော်ကြောက်စရာကောင်းတယ်၊ အချို့ ဘုရင့်တပ်တော်သားတွေဟာ ရွှေစွန်ညိုရဲ့ နာမည် ကြားရ ရုံနဲ့တောင် လက်ကစား အလိုလို လွတ်ကျသွားသတဲ့၊ သူ့ အရှိန်က အတော့်ကို ကြီးနေတာကလား”

မြန်မာ ။ ။ “အို… ဒါဖြင့် တော်တော်ဘုန်းကြီးနေတဲ့ ဓားပြကြီးပေါ့နော်၊ ခင်ဗျားပြောသလို ဘုရင့်တပ်တော် အမှုထမ်းတွေကိုမှ လိုက်ပြီးဒုက္ခပေးတယ်ဆိုတော့၊ သူပုန် စော်ဘွားတွေရဲ့ ဘက် သားလား၊ ဒါမှမဟုတ် သူ့ဘာသာ တသီးတခြား ဗမာဘုရင်ရဲ့ ထီးနန်းကို လုပ်ကြံမယ့် လူသား တစ်ခုခုပဲဗျ”

ရှမ်း ။ ။ “သူ့ရည်ရွယ်ချက်ကတော့ ဘယ်သိမလဲဗျာ၊ ကျွန်တော်တို့ ရှမ်းပြည် အတွင်း ရေး တွေကလည်း အတော်ရှုပ်ထွေးနေတော့ အတွေးရ အကျပ်သားကလား”

မြန်မာ ။ ။ “ကဲလေ စကားစပ်မိမှ ခင်ဗျားတို့ ရှမ်းပြည်ရဲ့ အတွင်းရှုပ်ပုံကလေး တဆိတ် လင်းကျင်းစမ်းပါအုံး ဘုရားဒကာရဲ့”

ရှမ်း ။ ။ “ဒီလိုဗျ ဒီလို၊ ကျုပ်တို့ ရှမ်းကိုးဆယ့်ကိုး စော်ဘွားများဟာ အစဉ်အလာ အတိုင်း ခင်ဗျားတို့ ဗမာ နေအထွက်ဘုရင်ရဲ့ လက်အောက်ခံ နေဝင်ဘုရင်တွေ ဖြစ်ကြတယ်။ တစ်နှစ် တစ်ခါ သမီးကညာ ရတနာကောင်းများနဲ့ အခွန်ဘဏ္ဍာကောင်းများကို ပေးဆက် နေကြရတယ်ဆိုတာ အထူးပြောစရာ မလိုပါဘူးလေ၊ ဒါပေတဲ့ သီပေါမင်းကလေး လက်ထက်မှာ တောင်ပိုင်း ရှမ်းပြည်ဘက်က အချို့စော်ဘွားကြီးများဖြစ်ကြတဲ့ ကျုပ်တို့ မိုးနဲစော်ဘွားရယ်၊ သူ့ယောက်ဖ မိုင်း နောင်မြို့စားရယ်၊ ရပ်စောက်စော်ဘွားကြီးနဲ့ မိုင်းပျဉ်းမြို့စားတို့ဟာ မင်းကလေးကို ကြည်ညို လေးစားခြင်းမရှိကြဘဲ ပုန်ကန်ခြားနားကြတာနှင့် ရွှေမြို့တော်ကြီးက ဘုရင့်တပ်တော်များ ချီတက် နှိမ်နင်းလို့ သူပုန်စော်ဘွားတွေ အရေးမလှ ရှုံးနိမ့်သွားကြတာနဲ့ သူတို့မြို့ကို ပစ်ပြီး အသက်ဘေး ကင်းဝေးရာ ထွက်ပြေးကြရတယ်။ ဒါကြောင့် အခု မိုးနဲနယ်ကို ဗမာဘုရင့် ကိုယ်စားလှယ်တော်ဖြစ်တဲ့ အဝေးဝန် ဦးရွှေမောင် ဆိုတဲ့သူက

တပ်တော်နဲ့ တကွလာပြီး အုပ်ချုပ်နေရတာ အတော်ကြာပါကောဗျ"

မြန်မာ ။ ။ "ခင်ဗျားတို့ နယ်သူနယ်သားတွေက သူတိုပအစဉ်အလာအတိုင်း ရှမ်းလူမျိုး တစ်ဦးကို မအုပ်ချုပ်စေဘဲ ဗမာတစ်ဦး လာအုပ်စိုးနေတာ ကျေနပ်ကြရဲ့လား ဘုရားဒကာရဲ့"

ရှမ်း ။ ။ "ဟာ... မကျေနပ်တာ ကျေနပ်တာ ထားပါအုံးဗျာ၊ ကျုပ်တို့ ရှမ်းလူမျိုးတွေက

ခပ်အေးအေး နေတတ်ကြတဲ့ လူမျိုးမှာ၊ အဝေးဝန်လာပြီး အုပ်စိုးတာကလည်း ထာဝရအမြဲ အုပ်စိုးမှာမှ မဟုတ်ဘဲ၊ နယ်အငြိမ်ဝပ်ခင် ယာယီသဘောနဲ့ လာပြီးအုပ်ချုပ်နေရတာ ပဲ၊ နောင်ခါ မြို့နယ် ငြိမ်ဝပ်အေးချမ်းရှိတဲ့အခါ ဘုရင်နဲပ လွှတ်တော်ကြီးက သူတို့ ယုံကြည်ရမယ့် ရှမ်းမင်းသား တစ်ဦးဦးကို ရွေးချယ်ခန့်ထားမယ်ဆိုတာ အသိကြသားကိုး"

မြန်မာ ။ ။ "ဟို စော်ဘွားတွေကလည်း အစဉ်အလာအတိုင်း ပိုနေမြဲ ကြားနေမြဲ အေးအေးမနေချင်ဘဲကိုးဗျ"

ရှမ်း ။ ။ ဒါတော့ မပြောပေနဲ့ဗျာ၊ လူတစ်မျိုးဟာ လူတစ်မျိုးရဲ့ လကအောက်မှာ ထာဝရအမြဲ ခေါင်းငုံ့ပြီး၊ တပည့်ခံ မနေချင်တတ်ဘူးဗျ၊ ခင်ဗျားတို့ ဗမာတွေလည်း တစ်ခါတုန်းက တလိုင်း လက်အောက် ရောက်ခဲ့ဖူးတယ် မဟုတ်လား၊ သိုဟန်ဘွားတိုပလက်မှာ ကျုပ်တို့ ရှမ်းတွေ ကတောင် ဗမာပြည်ကိုသွား ဆရာလုပ်ခဲ့ဖူးသေးတာလည်း ကြည့်အုံးဗျ"

မြန်မာ ။ ။ "ဒါကတော့ တစ်ခါတစ်ရံ ဖြစ်ကြရတာ ပဲ အမြဲမှမဟုတ်တာ၊ ကျုပ်တို့ ဗမာ ကလည်း အမြဲ ဆရာလုပ်လာတဲ့ လူဆိုတော့၊ ဆရာနေရာမှာ အမြဲ နေချင်တာပေါ့ဗျာ၊ ဒါကြောင့် မကြာခင်ပဲ မင်းကြီးရန်နောင်တို့ အလောင်းဘုရားတို့ ပေါ်ထွက်လာတယ် မဟုတ်လား၊ ကဲဗျာ- ဒါတွေပြောပြီး ခင်ဗျားတို့ ရှမ်းနဲ့ ကျုပ်တို့ဗမာ ငယ်ကျိုးငယ်နာ ဖော်နေစရာ မဟုတ်ပါဘူး။ ကျုပ်က

ဟောနန်းလက်လွှတ်ပြီး ဆင်းပြေးရရှာတဲ့ စော်ဘွားတွေနဲ့ သူတို့သားမယား အခြွေအရံတွေအတွက် ကရုဏာသက်လို့ ပြောတာပါ”

ရှမ်း ။ ။ “အင်း… ခင်ဗျားတို့က သနားတတ်လို့ တွေးပြီး သနားတာကို၊ သို့ပေတဲ့ သူတို့တစ်တွေကလည်း နေသေးသပ ချုံထဲက ချိုသွေးသပ တမြမြ ဆိုတဲ့ လူစားတွေကလားဗျ၊ တောထဲမှာ သူပုန်းစခန်းကြီး ဖွင့်ပြီး၊ နီးစပ်ရာ လူသူစုဆောင်းလို့ အချက်ကောင်းရတိုင်း အနှောင့်အ ယှက်ပေးပြီး တဖြည်းဖြည်း သူတို့နယ် သူတို့ ပြန်တိုက်ခိုက်ယူကြဖို့ ကြိုးစားနေကြတယ်။ ဒါကြောင့် သူတို့ သူပုန်များရဲ့ စားနပ်ရိက္ခာအတွက် အလစ် ထွက်ထွက် တိုက်ခိုက်လုယက်ကြတာပေ့ါ”

မြန်မာ ။ ။ “ဒီလို မငြိမ်မသက်တော့၊ ကုန်သည် ဆင်းရဲသားတွေမှာ ထိခိုက်နစ်နာ ကုန်ကြရတာ ပေ့ါဗျာ၊ ကျွဲနှစ်ကောင်ခတ်ရာ မြေစာပင် မခံနိုင်ဆိုတာလိုပဲ၊ ဒီအထဲ ရွှေစွန်ညိုဆိုတဲ့ ဓားပြကြီးက တစ်ဖက်တစ်လမ်း သောင်းကျန်းနေပြန်သေးတယ်ဆိုတော့ ခင်ဗျားတို့ ရှမ်းနယ် တစ်ဝိုက်မှာ ကပ်ဆိုးကြီး ဆိုက်နေကြတာပေ့ါ၊ အဲလေ… တိုင်းပြည်ကြီးကို ဘာဖြစ်ချင်တယ် မဆိုနိုင်ပါ ဘူးဗျာ၊ ကျုပ်တို့ ဗမာပြည်မှာလည်း တယ်ပြီး အခြေမလှချင်းဘူးဗျ၊ အင်္ဂလိပ်တို့၊ ပြင်သစ်တို့က ကျားများကြောင်များ အစာချောင်းသလို အကွက်ကောင်း ချိန်နေကြတာ တကဲကဲနှင့်ပဲ၊ ထီးထဲ နန်းထဲလွှတ်တော်ကြီးထဲမှာလည်း တစ်ဦးနဲ့ တစ်ဦး၊ တစ်ဖက်နဲ့ တစ်ဖက် အတွင်းကျိတ် သဘောကွဲလွဲ နေကြပုံရတယ်။ ဒီအထဲ မိဖုရားကြီးကလည်း အရွယ်ငယ်သေးသလောက် နေရာတကာ စိတ်ထက်နေ တော့ ခက်သဗျာ”

ရှမ်း ။ ။ “ကဲဗျာ ကျုပ်တို့နဲ့ မဆိုင်ရာတွေကို တွေးတောပူပင်ပြီး စိတ်ရှုပ် မခံချင်ပါနဲ့ တော့။ ဒါထက် စကားမစပ် ဒီတစ်ခေါက် ခင်ဗျား တင်လာတဲ့ ကြေးကုန်တွေဟာ အတော်ကြေးသား ကောင်းဆို…”

ထိုအခိုက် လှည်းအုပ်လူကြီး၏ လှည်းထွက်ရန် အချက်ပေးသံကို

ကြားရပြီး လှည်းအုပ်၏ တပည့်တစ်ဦးကလည်း လှည်းစေ့ဆိုသလို ရောက်လာပြီး ခရီး ဆက်လက်ကြရန် လမ်းတွင် ရွှေစွန်ညို တို့ လူစုနှင့် သော်လည်းကောင်း၊ သူပုန်စော်ဘွားများ လူစုနှင့် သော်လည်းကောင်း၊ တွေ့ရှိလျှင် အတိုက်အခိုက် ခံမည် စိုးရိမ်ရကြောင်း၊ နေဝင်မီ မိုးနဲမြို့အရောက် မောင်းကြရန် လိုက်လံသတိပေး ဆော်အောခြင်းအား များမကြာမီ လှည်းတန်းကြီးမှာ သက်ဝင်လှုပ်ရှား တရွေ့ရွေ့ သွားစပြုကြပြန် လေ၏ ။

*

# အခန်း - ၂

ခင်ဘုန်းမြင့်တို့ လှည်းမှာ မိန်းမသား ခရီးသည်များ ဖြစ်သည့်အားလျော်စွာ လှည်းအုပ်လူကြီး က လှည်းတန်း၏ အလယ်လောက်တွင် နေရာချပေးထားသည်အားလျော်စွာ လုံခြုံအေးချမ်းစွာ လိုက်ပါလာရသည် တိုင်အောင် ခင်ဘုန်းမြင့်မှာ ရှမ်းပြည်နယ်စပ် ရောက်စကပင် နယ်ကယ် မငြိမ် သက်ကြောင်း ကြားသိခဲ့ရပြီးဖြစ်၍ မလွှဲသာ၍ စွန့်စားထွက်လာခဲ့ရရာတွင် လမ်းခရီး၌ ဘေးအန္တရာယ် တစ်ခုခု တွေ့များတွေ့လေမည်လာဟု စိတ်မအေးနိုင်ရှာဘဲ လှည်းပေါ်တွင် ငြိမ်သက်စွာ လိုက်လာပါရ သော်လည်း သောက အခိုးကလေး တလူလူ တက်လျက်ရှိရှာလေ၏။ သို့ရာတွင် လူပုံပျော့ပျောင်း နွဲ့နှောင်းသလောက် သတ္တိကောင်း၊ ဇွဲကောင်း သူကလေး တစ်ဦးဖြစ်သဖြင့် စိုးရိမ်စိတ်ကို ချေကြိတ်နှိမ်နင်းကာ၊ မိုးနဲမြို့သို့ ရောက်လျှင် သူ၏ ဦးလေးဖြစ်သူ အဝေးဝန် ဦးရွှေမောင်ထံတွင် စိတ်အေးချမ်း ပျော်ရွှင်စွာ နေထိုင်ရတော့မည်ဟူ၍ လည်း အတွေးနှင့် ကျေနပ်ကာ တပြုံးပြုံး ဖြစ်လာပြန်လေ၏ ။၏

တဂျီဂျီ တအီအီ မြည်ကြသော လှည်းဘီးသံများသည် ခရီးသည်တို့၏ ပျင်းရိခြင်းကို ပိုမိုအား ပေးလျက် ရှိလေ၏။ ရှေ့ဆုံးမှနေသော လှည်းခေါင်း လူကြီး စီးသည့်လှည်းနှင့် နောက်ဆုံးမှ ဘေးဆီး ရန်ကာ ဓား လှံ လက်နက် အနည်းငယ်ပါသော လှည်းခေါင်း၊ လှည်းအုပ်၏ ဆော်အောသူ တပည့်ငယ် များ စီးနင်းလိုက်ပါသော လှည်းမှတစ်ပါး သုံးဆယ်ကျော်မျှ ရှိသည့် လှည်းများမှာ မိုးနဲမြို့သို့ ဈေးနေ့ အမီ လိုက်လာကြသော ခရီးသွားကုန်သည်တို့၏ လှည်းများသာ ဖြစ်လေရာ အချို့လှည်းများမှ ရှမ်းတို့ ဘာဂ သီးချင်းညည်းသံကလေးများလည်း ခပ်သဲ့သဲ့ကြားရလျက်၊ အချို့လှည်းများမှာလည်း သားငယ်၊ မြေးငယ်၊ ဘုစုနှင့် ဖြစ်သည့်အလျောက် ကလေးငိုသံ တေးဆိုသံများ တစ်ခါတစ်ခါ ပေါ်ထွက်လာပြီး လျှင် မောင်း၊ လင်ကွင်း စသော ကြိုးကြား၊ ကြိုကြားပေါ်လာတတ်သည့်အတွက် အပျင်းစွက်၍ ငိုက်မြည်းနေကြသော လူများကို မျက်လုံး ကျယ်စေလေတော့သည်။

ခင်ဘုန်းမြင့်လည်း ရှေ့ရေးနောက်ရေးတို့ကို တွေးတောဆင်ခြင်နေရာမှ တလှည့်စီ ငိုက်မြည်း နေကြသော သူဇာနှင့်မာလာတို့ကို ကြည့်၍ ပြုံးရင်း အပျင်းပြေလာခဲ့လေသည်။ အချိန်သည်လည်း တဖြည်းဖြည်းနေစောင်းစ ပြုလာလေရာ လှည်းများသည် တောတန်းမှ အမြန်ကျော်လွန်လျက်၊ မိုးနဲနယ်ဘက်သို့ ခပ်သွက်သွက် အရောက်လှမ်းနေကြောင်း သိရလေ၏ ။ သို့နှင့် တစ်ခုသော တောင်ကြားသိုပ လှည်းတန်းကြီး ဖြတ်သွားနေစဉ်၊ တောသံ တောင်သံနှင့် အတူ ပဲ့တင်ထပ်မျှသော မြင်းခွာသံများ "ရွှေစွန်ညို လာပြီ" "ရွှေစွန်ညို လာပြီ" ဟူသော ကြေညာသံများကို ရုတ်တရက် ကြား လိုက်ရပြီး မိမိ စီးသောလှည်း ရပ်သွားကာ အော်သံ၊ ဟစ်သံ၊ ရိုက်သံ၊ နှက်သံ၊ ငိုသံ၊ ရှိုက်သံတွေ အဝီစိပွက်သလို ထွက်ပေါ်လာသောကြောင့်၊ ခင်ဘုန်းမြင့်မှာ သူဇာနှင့် မာလာတို့ကို ကဗျာကယာ လှုပ်ကာ...

"ဟဲ့ ဟဲ့ မာလာတို့ ထကြ, ထကြ၊ ဓားပြတွေတိုက်ကုန်ပြီ..."

ဟု နှိုးပြောလျှင် သူဇာ၊ မာလာတို့လည်း ပျာယီးပျာယာနှင့် တောင်ပြေးရတော့မလိုလို အရူး မီးဝိုင်း ဖြစ်နေကြလေ၏ ။

ထိုအခိုက်မှာပင်၊ ဆေးမှင်ကြောင်တွေ အပြည့်နှင့် ရှမ်းဓားပြ သုံးလေးယောက် ခင်ဘုန်းဖြင့်တို့ လှည်းတွင်းသို့ ဝင်လာကာ ဓားမိုး၍ လုကြပြန်သည်။ မာလာနှင့် သူဇာတို့မှာ ကြောက်ကြောက် လန့်လန့်နှင့် ပုတီး၊ နားတောင်းကလေးများ ချွတ်ကာပေးနေသည့်တိုင်အောင် ဓားပြများမှာ မကျေနပ် သေးဘဲ မိန်းမများကို လှည်းပေါ်မှ ဆွဲချကြပြန်သည်။ ခင်ဘုန်းမြင့်လည်း ဓားပြများ ကိုင်တွယ်ခြင်းကို မခံဘဲ တင်းမာခက်ထန်သော မျက်နှာနှင့် လှည်းပေါ်မှ ခုန်ကာ ဆင်းပေးလိုက်လေသည်။ လှည်းတန်းကြီး တစ်လျှောက်လုံးမှာလည်း ပရွတ်ဆိတ်အုံ တုတ်နှင့် ဆွထားသလို ရှမ်းဓားပြများ ဝိုင်းစီးပြီး ရိုက်နှက်လုယက် ပြေးလွှား ခေါ်အော်နေကြသည်ကို မျက်စိအောက်တွင် တွေ့မြင်ရလေရာ သူတစ်ထူး၏ ပစ္စည်းဥစ္စာကို မတရားသဖြင့် လုယူနေသော ဓားပြများအား

စက်ဆုပ်ရွံ့ရှာရှုတ်ချသော မျက်နှာနှင့်ကြည့်လျက်
မိမိလက်ဝတ်လက်စားအနည်းငယ်ကို ချွတ်ကာ ဓားပြများကို ကြောက်ရွံ့၍
လက်ထိလက်ရောက် ပေးပုံမျိုး မဟုတ်ဘဲ မထီမဲ့မြင် မျက်နှာထားနှင့် မြေပေါ်သို့
လွှင့်ချပေးလိုက် လေ၏။ ဓားပြများလည်း ခင်ဘုန်းမြင့်၏ ခေါင်းမာ စော်ကားပုံကို
မကျေနပ်သလို အံကိုက်ကာကြည့်ပြီး တစ်ယောက်က -

"ဒီကောင်မ တယ်ခေါင်းမာတယ် အကြောင်းပြလိုက်ရအောင် ဟေ့..."

ဟု ဆိုကာ ဆွဲလွဲမည် အပြုတွင် အဝေးမှ ပြေးစိုင်းလာသော
မြင်းတစ်စီးကို တွေ့ရသော ကြောင့် ဓားပြများမှာ ရုတ်တရက်
အံ့အားသင့်နေကြလေ၏။ မြင်းစီးယောကျာ်းလည်း ရှေးဦးစွာ
ခင်ဘုန်းမြင့်တို့ရှိရာသို့ ရောက်လာပြီး နိုင့်တက်ကလူ ပြုမူနေကြသော
ဓားပြသုံးယောက်အား လက်မှ ပါလာသော သားရေကြာပွတ်ကြီးနှင့် ရိုက်နက်
ကူညီလိုက်လျှင် စောစောက ဓားတပြင်ပြင် တုတ်တပြ ပြနှင့် ရှိကြသော
ဓားပြများမှာ လုယူထားသော ပစ္စည်းကလေးများကို ပစ်ချပြီး တောထဲသို့ သဲပြေး
ရှင်ပြေး ဝင်ပြေးကြလေ၏။ ခင်ဘုန်းမြင့်နှင့်တကွ သူဇာ၊ မာလာတို့မှာ
အရေးထဲတွင် ဝင်ရောက် ကူညီသော အဆိုပါ မြင်းစီး ယောကျာ်းကို ကျေးဇူးတင်စွာ
မော်ကြည့်လိုက်မိစဉ် မြင်းစီးယောကျာ်းမှာ အခြားလုည်းများရှိရာသို့ သွားပြီး
ဓားပြများကို မြင်းနှင့်တိုက်၊ ကြာပွတ်နှင့် ရိုက်၍ ကူညီခုခံပေးရကား တောပုန်း
ဓားပြများလည်း မြင်းစီးယောကျာ်းတစ်ယောက် အားကို မခုခံနိုင်ဘဲ လူစုကွဲကာ
ပြေးမိပြေးရာ ပြေးကုန်ကြသဖြင့် ခရီးသွားများမှာ ဓားပြများ ရန်ဘေးမှ ချမ်းသာရာ
ရသွားကြလေ၏။ ဓားပြများ ရှင်းလင်းသွားပြီးနောက်၊
တစ်ယောက်တစ်ခွန်းဆိုသလို ကူညီခုခံရှာဖွေကြရာ ထိုမြင်းစီး
ရှမ်းလုလင်ပျိုမှာလည်း တောပုန်းဓားပြများနည်းတူ ကြက်ပျောက်ငှက်ပျောက်
စုံးစုံးမြုပ် ပျောက်ကွယ် သွားသဖြင့် ခရီးသွားများမှာ ကျေးဇူးတင်စကားကလေးမျှ
မပြောလိုက်ရသောကြောင့် မကျေမချမ်း ဖြစ်ကာနှင့်ပင် လှည်းများကို ဆက်လက်

မောင်းနှင်ကာ ထွက်လာခဲ့ကြရလေ၏။

ယင်းသို့ ခရီးသည်များသည် မိမိတို့အား ကူညီသူ၏ လူပုံကိုမျှ ကောင်းစွာ မမြင်လိုက်ရသော် လည်း ခင်ဘုန်းမြင့်မှာ ရှေးဦးစွာ မိမိကို ကူညီသွားသူအား ကောင်းစွာ မှတ်သားမိလေသည်။ ထိုသူသည် အခြားသူမဟုတ် နံနက်စာ စားရန် လှည်းဝိုင်းချစဉ်က စမ်းချောင်းကလေးအနီးတွင် မိမိကို အမှတ်မထင် စိုက်ကြည့်နေသော ရှမ်းလုလင်ပျိုပင်ဖြစ်ကြောင်း ကောင်းစွာ မှတ်မိလိုက်လေသည်။ လှည်းအုပ်ကြီးကား ကြောက်လန့်တကြားနှင့် နေမဝင်မီ မိုးနဲမြို့အရောက် ခပ်သုတ်သုတ် ဆက်လက် မောင်းသွားကြပြန်ရာ ခင်ဘုန်းမြင့်မှာ သူဇာ၊ မာလာတို့နှင့်အတူ ဓားပြ ရှေ့စွန်ညိုတို့ လူစုအား အခဲမကျေသလို မြည်တမ်းကြိမ်ဆိုသွားကြလေ၏။

ထိုအချိန်မှာပင် တစ်ခုသော တောင်ခြေ၌ ယခင် မြင်းစီး ရှမ်းလုလင်ပျိုသည် ...

"ခွေးမသားတွေ ငါ့စကား နားမထောင်ရင် ဒီလို ဆုံးမတတ်တယ် ဆိုတာ သိတယ် မဟုတ် လား၊ နင်တို့ကို အစိုးရဘဏ္ဍာငွေတွေကိုသာ တိုက်ခိုက် ယူရမယ်၊ ဆင်းရဲသား ကုန်သည်များကို မနှောင့်ယှက်ရဘူး၊ အမိန့်ပေးထားရက်နဲ့ ငါ့အမိန့်ကို မလေးစားဘူး..."

ဟု ကြောက်ရွံ့ငြိမ်သက်စွာ နားထောင်နေကြသော လူတစ်စုအား ကြာပွတ်နှင့် တအား သိမ်း ရိုက်ကာ ဆူပူကြိမ်းဝါးနေလေသည်။ လူတစ်စုမှာလည်း ဆရာ ဆုံးမသည်ကို ငြိမ်သက်စွာ နားထောင်နေကြသော ကျောင်းသားငယ်များပမာ ကိုယ်စီကိုယ်င ခေါင်းအောက်ချ၍ နေကြလေ၏။

လုလင်ပျိုလည်း ကြာပွတ်ကြီးကို ဝှေ့ယမ်းရင်း ဆေးမှင်ကြောင်တွေ ထိုးထားသော လူသုံးယောက်ဆီသို့ တိုးလာကာ လူတစ်ယောက် ဆွဲထုတ်လိုက်လျက် ကြာပွတ်နှင့် လေးငါးချက် ဆင့်ရိုက်ရင်း..."

“ဟောဒီ ခမ်းမွန်ဆိုတဲ့ အကောင်က သာပြီး လူစွမ်းကောင်းသေးတယ်၊ အင်မတန် အားငယ်တဲ့ မိန်းကလေးကို သွားပြီး အနိုင်ကျင့်နေလိုက်တာ၊ မင်းဟာ ငါ့နာမည်ကို အဖျက်ဆုံးအကောင်ပဲ၊ ကိုင်းကွာ မှတ်ထား…”

ဟု ဆိုကာ တရွှမ်းရွှမ်း ကြာပွတ်စာ ကျွေးလေတော့သည်။ ခမ်းမွန်မှာ မချိတင်ကဲ အံကြိတ်ခံ၍ ခံနေရလေ၏ ။ အခြားသော တပည့် ငယ်သားများလည်း ဆရာလုပ်သူ စိတ်ဆိုးနေသော အခိုက်အတန့် မှာ ထုတ်တုတ်မျှ မလှုပ်ဝံ့အောင် ငြိမ်သက်နေရှာကြလေသတည်း။

ခင်ဘုန်းမြင့်တို့လည်း မိုးနဲမြို့ ၎င်း၏ ဦးလေး အဝေးဝန် ဦးရွှေမောင် အိမ်သို့ ရောက်ကြလေ၏ ။

ဦးရွှေမောင်မှာ သားသမီး မရှိ၍ တူမကလေးကို များစွာ ချစ်ခင်သူ ဖြစ်သဖြင့် အမွေစား အမွေခံ မွေးစားရန်ပင် တောင်းဆိုဖူးလေသည်။ သို့ရာတွင် ခင်ဘုန်းမြင့် မိဘများမှာလည်း တစ်ယောက်တည်းသောသမီးဖြစ်၍ မပေးနိုင် ရှိခဲ့လေသည်။

ယခုသော် မမျှော်လလင့်ဘဲ ခင်ဘုန်းမြင့် ရောက်လာခြင်းအတွက် ဦးရွှေမောင်မှာ အတိုင်း ထက်အလွန် ဝမ်းသာမိရှာသည်။ အကျိုးအကြောင်း မေးမြန်းစုံစမ်းရာတွင်လည်း ခင်ဘုန်းမြင့် ပြေးလာရခြင်းကို သိရှိကာ ခင်ဘုန်းမြင့် မိဘများဖြစ်သော မိမိ အစ်ကိုနှင့် မရီးတို့အား အကြောင်းကြား လျှင် လိုက်လံခေါ်ယူကြမည် စိုးသောကြောင့် ခင်ဘုန်းမြင့် အလိုဆန္ဒအတိုင်း တစ်သက်လုံး ပျော်ရွှင် စွာ နေစေမည်ဟူသော စေတနာနှင့် ချစ်ခင်ယုယစွာ ထားလေရာ၊ ခင်ဘုန်းမြင့်မှာ သာယာသော ရှမ်းပြည်၏ တောတောင်၊ ရေ၊ မြေတို့ကို နှစ်သက်ကျေနပ်ကာ အပျော်ကြီးပျော်၍ နေရှာလေ၏ ။

တစ်ညနေခင်း၌ ခင်ဘုန်းမြင့်သည် ပန်းခြံတွင်းမှ မွှေးကြိုင်ပျံ့သင်းသော လေညင်းလေသာများကို ရှုရှိုက်ကာ ဂရုံတာတွင် ထွက်ထိုင်နစဉ် တူမကို

အရိပ်တကြည့်ကြည့်နှင့် နေရှာသော အဝေးဝန် ဦးရွှေမောင် အနီးသို့ ရောက်လာပြီး...”

“ဘယ့်နှယ် ငါ့တူမလေး ပျင်းများနေသလား”

ဘုန်း ။ ။ “မပျင်းပါဘူး ဦးလေး ဖျာ ခင်ဖြင့် ရှမ်းပြည်ရောက်လာကတည်းက သာယာတဲ့ တောတွေ တောင်တွေ မြင်ရတိုင်း အပျော်ကြီး ပျော်နေတာပဲ၊ ဘယ်တော့မှ ဒီအရပ်က မခွာချင်တော့ဘူး ဘုရား”

မောင် ။ ။ “အေး... အေး ငါ့တူမလေး ပျော်တယ်ဆိုလေ ဦးလေးက ဝမ်းသာလေပေ့ါ ကွယ်...”

ဘုန်း ။ ။ “ဒါထက် ဦးလေးဖျားရယ်၊ ဟောဟိုဘက်မှာ မြင်ရတဲ့ တောတန်းကလေး ဆီကို မနက်ဖြင့် ခင်တိုပ သွားလည်ပါရစေ...”

မောင် ။ ။ “အမယ်လေး... မသွားချင်ပါနဲ့ တူမရေ၊ အဲဟိုဘက်မှာ ပလောင်ရိုင်းတွေ ရှိတယ်၊ တိုင်းပြည်ကလည်း လှုပ်ရှားချင်ချင် နေရာမှာ ရွှေစွန်ညိုတို့ လူစုကလည်း လုယက်သောင်း ကျန်းနေတော့ အသွားအလာ တယ်ကြီး စိတ်မချရဘူး၊ ကိုယ့်အိမ်ထဲမှာ ကုတ်ကုတ်ကလေးနေနိုင်မှ တော်ရုံရှိတယ်...

ဘုန်း ။ ။ (အနည်းငယ် သဘောမကျဟန်နှင့်) “အဲဒီ ရွှေစွန်ညို အဖွဲ့ ဓားပြလူဆိုး တွေဟာ နာမည်ကြီးသလောက် သတ္တိမရှိပါဘူး ဦးလေးဖျားရဲ့ ခင်တို့ လာတုန်းကလမ်းမှာ တွေ့ခဲ့ရ ပါပြီ”

မောင် ။ ။ (မျက်လုံးပြူးလျက်) “အလိုလေး မြတ်စွာဘုရား၊ ငါ့တူမများ ကံကောင်းလို့ ခေါင်းမပြုတ်ခဲ့တာကလား ကဲ ပြောစမ်းပါအုံး”

ဟု လက်ဖျားခါကာ အံ့သြစွာနှင့် မေးမြန်းလေ၏ ။

ဘုန်း ။ ။ (ရယ်လျက်) “အိုး...ဦးလေးဖျားကလဲ၊ ရွှေစွန်ညိုကို တယ်လဲ အထင်ကြီးနေ တာကိုး၊ ဒီလို ဒီလို ဦးလေးဖျားရဲ့ ခင်တို့ လာကြတုန်းက လမ်းမှာ

ခင်တို့ စီးလာတဲ့ လှည်းတန်းကြီးကို ရွှေစွန်ညိုတို့ လူစုက ရုတ်တရက် ဝိုင်းပြီး ဓားတွေလှံတွေနဲ့ တိုက်ခိုက်ကြတုန်း ဖြုန်းခနဲ ခရီးသွား လူတစ်ယောက် ပေါက်လာပြီး ဓားပြတွေကို သူ့လက်က ကြာပွတ်ကလေးနဲ့ ရိုက်ရုံရှိသေး၊ ထွက်ပြေး လိုက်ကြတာ ပျာလို့၊ ဟဲ ဟဲ ဟဲ… ဒါလောက်တောင် သတ္တိကောင်းတာပဲ ဦးလေးဘုရားရဲ့…”

ဟု ခပ်ငေါ့ငေါ့ပြောင်လှောင် ရယ်မောကာပြောလျှင် ဝန်မင်း ဦးရွှေမောင်လည်း မျက်လုံးကြီးပြူး ကာ-

“အေး… အဲဒါ သူ့တပည့်တွေချည်းမို့ ဖြစ်လိမ့်မယ် ရွှေစွန်ညို ကိုယ်တိုင်များ ပါရင်တော့ သိမ်း

စွန်ရဲများလို နာမည်နဲ့ လိုက်အောင် အင်မတန် ရက်ရက်စက်စက် လုပ်ပစ်မှာ တူမရဲ့”

ဟု မဲ့မဲ့ရွဲ့ရွဲ့ပြောပြီး တစ်ဖန်ဆက်လက်ကာ -

“ဟို လွန်ခဲ့တဲ့ ခြောက်လလောက်က ဘုရင့်ဘဏ္ဍာတော်တွေ ပျောက်ဆုံးလွန်းလို့၊ ဦးလေး ကိုယ်တိုင် စစ်တပ်နဲ့ ကြပ်မတ်ပြီး လိုက်ပို့ရတယ်၊ သသမေဓ ငွေခွန်တော်တွေကလဲ အတော်များ တာနဲ့ဘဏ္ဍာတော်များကို ကျွန်းသား သေတ္တာကြီးနှစ်လုံးနဲ့ထည့်ပြီး ဆင်ကြီးကျောပေါ်မှာ သံကြိုးများနဲ့ ခိုင်ခိုင်မာမာ စည်းနှောင်၊ ရှေ့က ဆင်ဦးစီးက ဆင်ကြီးကို ချွန်းချိပ်ပြီးမောင်းလို့၊ ဦးလေးဘုရားနဲ့ စစ်ကြပ်တပ်မှူးအချို့က မြင်းကိုယ်စီနဲ့ လက်နက်ကိုင် ခြေလျင်တပ်သားများကလည်း ငါးဆယ်ကျော် ကျော်လောက်ပါတယ်။ ဒီလိုနဲ့ သွားလိုက်ကြတာ တောနက်ထဲလဲ ရောက်ပါရော ရွှေစွန်ညိုရဲ့ မြင်းတပ်နဲ့ အဝိုင်းခံကြရပါရောဗျား၊ ဟာ . . . မပြောနဲ့တော့၊ သူ့လူစုဟာ ဘီလူးသရဲစီးနေတဲ့ လူတွေ လိုပဲ၊ လှံတွေ၊ ဓားတွေနဲ့ဝိုင်းပြီး ထိုးကြခုတ်ကြတာ ဘယ်လောက်များလျင်မြန်ဖျတ်လတ်သလဲ အင်္ဂလိပ်နာရီနဲ့ တွက်ကြည့်မယ်ဆိုရင်

ဆယ်စက္ကန့်လောက်မှာ ဦးလေးဘုရားတို့နဲ့ တပ်သားငါးဆယ် ကျော်လောက်ဟာ၊ တစ်ယောက်မကျန် ဒဏ်ရာ အနာတရတွေနဲ့ လဲကျန်ရစ်ပြီး လူသုံးပုံနှစ်ပုံလောက်လဲ အတုံးအရုံးနဲ့ သေဆုံးကြရတယ်။ သူတို့ကတော့ ဘဏ္ဍာသေတ္တာတင်တဲ့ ဆင်ကြီးကို ဓားပြတစ် ယောက်က ဦးစီးပြီး၊ တပျော်တပါးကြီးမောင်းသွားပါလေရော၊ အဲဒီ တုန်းကများ ဦးလေ ဘုရားမှာလဲ ကံကြီးလို့ ဓားပြတစ်ယောက်က ကြိုးနဲ့တုတ်ပြီး ချုံပုတ်ထဲ ထိုးထားတာ ခံရရုံကလေးခံရတယ် ဦးလေး ဘုရားဖြင့် ရွှေစွန်ညိုတို့ လူသုများတော့ ရွံ့ကြောက်ကြီးပါပဲ . . .”

ဟု အဟောင်းကို လောလောလပ်လပ် အဖြစ်အပျက်တစ်ခုပမာ ခြေဟန်လက်ဟန်နှင့် ဒေါပါပါ ပြောလေ၏။ ဦးရွှေမောင်မှာ အဝေးဝန်တစ်ဦးအဖြစ်နှင့် ဘုရင့်ကိုယ်စားနယ်ပယ် အုပ်ချုပ်နေရသူဖြစ်၍၊ ရာဇက္ကန္ဒြေကြီးသော သူပင်ဖြစ်လင့်ကစား၊ အလိုလိုက်ထားသော တူမကလေးအတွက် အပြင်သို့ ထွက်မလည်ပတ်စေရန် အာဏာနှင့်လည်း မတားချင်သောကြောင့်၊ မိမိစိတ်မှ တော်ရုံတန်ရုံ ကြောက်မိသည်ကိုပင် အလွန်အမင်းကြောက်နေလေဟန်ဖြင့် လှည့်ပတ်တားမြစ်ခြင်းဖြစ်လေ၏။ သို့ရာတွင် ခင်ဘုန်းမြင့်မှာ စိတ်လိုက်မာန်ပါ ပြောဆိုနေသော ဦးရွှေမောင်၏ စကားဆုံးလျှင် ခပ်ပြုံးပြုံးနှင့် . . .

“အဲဒီ တုန်းက ဦးလေးဘုရား သိပ်ကြောက်သွားသလား၊ ခင်တော့တွေ့တွေ့ဆိုင်ဆိုင် မတွေ့ရသေးလို့ဆိုရင်ခံရမယ် ဒီလိုသူခိုးဓားပြ တောပုန်းအသေးအမွှားကလေးလောက်ကို ဂရုစိုက်ပြီး မကြောက်ချင်ပါဘူး၊ ဦးလေးဘုရားရဲ့ . . .”

ဟု ပြောလိုက်သောအခါ ဝန်မင်းဦးရွှေမောင်မှာ မိမိပင်ပန်းစွာ ပြောရကျိုးမနပ်ဟု သက်ကြီးကြီး တစ်ချက်ချလိုက်ပြီး၊ ရှက်ပြုံးကြီး ပြုံးလိုက်ကာ . . .

“ဩော် … ဆင်ခြင်နိုင်ရင်ကောင်းတာပေါ့ တူမရယ်၊ ပြီးတော့ ဒီနယ်မှာ မိုးနဲစော်ဘွားဟောင်း ဘက်က ရှမ်းသူပုန်တွေကလည်း တောတောင်ပုန်းလျှိုးပြီး၊ အလစ် အလစ်မှာ တစ်မျိုး ထကြွနေပြန်လို့ တယ်စိတ်မချရသေးဘူး၊ ရွှေမြို့တော်ကြီးက တပ်တော်များတောင်း၊ နောက်ထပ် ရောက်မလိုလို သတင်းကြားရတယ် …”

ဟု ပြောပြန်ရာ ခင်ဘုန်းမြင့်မှာ သူပုန်အရေးကို မိမိနှင့် မဆိုင်သကဲ့သို့ ဘာမျှမတွေးဘဲနေရာမှ ရုတ်တရက် တစ်စုံတစ်ရာကို သတိရလာသဖြင့် ဝမ်းသာအားရနှင့် …

“ ဩော်… ဟုတ်လား ဦးလေးဘုရား ရွှေမြို့တော်ကြီးက တပ်တော်ရောက်မယ်ဆို ဘယ်သူ့ တပ်တော်များလာမလဲ မသိရဘူး၊ ခင့်သူငယ်ချင်း ကွပ်ရွာမြို့စား ဗိုလ်မှူးကလေး မင်းကျော်ခေါင်များ ပါလာရင် အင်မတန်ကောင်းမှာပဲ ဦးလေးဘုရား …

မောင် ။ ။ “ဘယ်က မင်းကျော်ခေါင်လဲ တူမရဲ့ …”

ဘုန်း ။ ။ “မြေလပ်ဝန်ကြီးရဲ့တူ မောင်မောင်ထွန်းလေ၊ ခင်နဲ့ငယ်ငယ်တုန်းက ကျောင်း အတူနေခဲ့ဖူးတဲ့ သူငယ်ချင်းပါ ဦးလေးဘုရားရဲ့ . . . “

ထိုအခိုက် မြင်းစေကျော်တစ်ယောက်ဝင်လာပြီး ဝန်မင်းဦးမင်းအောင် အနီးတွင်ဒူးထောက်ထိုင် လျက် ကျည်းထောက်တွင်းမှ စာတစ်စောင်ကိုထုတ်ကာ ရိုသေစွာပေးလေ၏။ ဦးရွှေမောင်သည်လည်း အလွှာစာကို သေချာစွာဖတ်လေ၏။

## ရတနာပုံ ဒုတိယနန်းစံ၊ ဘဝရှင်မင်းတရားကြီး အမိန့်တော်

၁၂၄၄-ခု၊ တပေါင်း လပြည့်ကျော် ၅ ရက်နေ့တွင် ရွှေဘဝါးတော်အောက်မှ ကွပ်ရွာမြို့စား မင်းကျော်ခေါင်ကို ဗိုလ်ချုပ်ခန့်၍ နတ်ရှင်

ရွှေးသေနတ်ဗိုလ် နှင့် အမှု ထမ်း လူငါးရာ တတပ်၊ ကသည်း အဏ္ဏပါတ်၊ မြင်းတပ်ဗိုလ်တို့နှင့် မြင်းအမှုထမ်း လူသုံးရာ၊ သင်းအမှုထမ်း လူငါးရာ တတပ်၊ ကိုယ်ရံသူ ကောင်းထမ်းလူ တရာ့ငါးဆယ်၊ မြင်းစီးရေနှစ်ရာ၊ ဆင်စီးရေ တဆယ်၊ အမှုထမ်းလူ တထောင့်ငါးရာ ကျော်ပေးအပ်၍ သူပုန်မိုးနဲစော်ဘွားဟောင်း ငကျည်းငယ်ယောက်ဖ မိုင်းနောင်မြို့စားဟောင်း ငထွန်း၊ ရပ်စောက်စော်ဘွားဟောင်း ငပိုင်း၊ မိုင်းပျည်းမြို့စားဟောင်း ငဘတ်တို့နှင့် အပေါင်းပါ ရိုင်းပြခြားနားသော သူပုန်ရန်သူတို့ကို နှိမ်နင်းဖြိုဖျက်ရန် စေလွှတ်တော်မူ လိုက်သည်။ တပ်တော်များကို မိုးနဲမြို့တွင် စီရင်အုပ်ချုပ်သူ အဝေးဝန် ငရွှေမောင်က မျိုးရိက္ခာ ပေးသွင်းစေ။ ။

## ဘုရားအမိန့်တော်

ဟူ၍ လွှတ်တော်တံဆိပ် ခပ်နှိပ်လျက်ရှိသော အမိန့်တော်စာကို တွေ့မြင်ရလေ၏။ အဝေးဝန် မင်းလည်း အမိန့်တော်ကို ဖတ်ပြီးနောက်မြင်းစေကျော်အား ချီတက်လာသော တပ်တော်များ မည်သည့်နေရာသို့ ရောက်ရှိနေပြီလဲဟု စုံစမ်းရာမြင်းစေကျော်က ချီတက်လာသော တပ်တော်များမှာ ညောင်ရွှေမြို့နှင့် ခရီးရှစ်တိုင်ကွာ ဟဲ့ဟိုးအရပ်တွင် တပ်တော်ရောက်ရှိလာပြီးဖြစ်၍ လေး၊ ငါးရက်အတွင်း မိုးနဲမြို့သို့ ရောက်တော့မည်ဖြစ်ကြောင်း သိရလေ၏ ။

(ခင်ဘုန်းမြင့်လည်း ဝမ်းမြောက်ဝမ်းသာနှင့်) “ အိုး… မင်းကျော်ခေါင်တို့ တပ်ဆိုပါလား၊ အခန့်သင့်တတ်လေတယ် ဦးလေးဘုရား”

ဟုပြောလျှင် ဦးရွှေမောင်လည်း ပြုံးပြုံးကြီးခေါင်းညိတ်ကာ၊

“အေး… ငါ့တူမကလေး အခုပဲ တမ်းတနေသေး ချက်ချင်းပဲ အလိုပြည့်သွားသကွယ်၊ ကဲကဲ အမိန့်တော်ကြီးအတိုင်း တပ်တော်ကြီးရောက်လာရင် အဆင်သင့် ရိက္ခာတော်များ ပေးသွင်းနိုင်အောင်၊ ဆင့်ဆို စီမံချေအုံးမယ်၊ ငါ့တူမပဲ

ဒီမှာ အေးအေးလူလူ နေရစ်ပေအုံး”

ဟုဆိုကာ အဝေးဝန်မင်း ဦးရွှေမောင် အဆောင်တွင်းသို့ ဝင်သွားလေ၏။

အပြင်တွင် ခင်ဘုန်းမြင့် တစ်ယောက်တည်း ကျန်ရစ်သောအခါ သူဇာနှင့် မာလာတို့ အနီးသို့ ရောက်လာကြလေ၏။

ခင်ဘုန်းမြင့်လည်း အားရဝမ်းသာနှင့် . . .

“ဟော့ သူဇာတို့ မာလာတို့ရေ ... ရွှေမြို့တော်က နောက်ထပ် ရောက်လာမယ့် တပ်တော်မှာ မင်းကျော်ခေါင် ဗိုလ်မှူးလုပ်ပြီး ပါလာမတဲ့ ဟော့ ... ”

ဟု ဆိုလျှင် သူဇာ၊ မာလာတို့လည်း ဝမ်းမြောက်စွာနှင့်

“ အို ... ဟန်ကျတာပဲ၊ မဘုရားလေးရဲ့”

ဟု သခင်မ အလိုကျထောက်ခံပြောကြားရာမှ . . .

သူဇာ ။ ။ “ဒါထက် တစ်ခုမေးပါရစေ မဘုရားလေးရယ်၊ အဲဒီ မင်းကျော်ခေါင်ဆို တဲ့ ဗိုလ်မှူးကလေးဟာ မဘုရားလေးရဲ့ ရည်းစားမဟုတ်လား”

ဟု ပြောင်သလိုလိုနှင့် ပြောလိုက်လေ၏။

ဘုန်း ။ ။ “အို မဟုတ်သေးပါဘူး၊ ရိုးရိုးခင်တာပါအေ၊ ညည်းတို့ကလည်း ရှာရှာ ဖွေဖွေ ရှိလိုက်တာ”

မာလာ ။ ။ ”အခု မဟုတ်သေးပေတဲ့ တော်တော်ကြာတော့ ရိုးရာကဆန်ပြီး ကမ်းမမြင် လမ်းမမြင် ချစ်ခင်တော်မူသွားမှာပေ့ါ ဘုရား”

(ခင်ဘုန်း ရှက်ကိုးရှက်ကန်းနှင့် ပြုံးကား)

“မာလာနော် ညည်းဟာ မဟုတ်တာ ပြောရမယ်ဆိုရင် နှစ်ယောက်မရှိဘူး ကဲပြောချင်လှတာ ပြောအုံး”

ဟုဆိုပြီး၊ မာလာ၏ ဗိုက်ခေါက်ကြီးကို ဆွဲလိမ်လေရာ မာလာလည်းရယ်မောကာဖြင့်-

"ကြောက်ပါပြီ မဘုရားလေးရဲ့ နောက်တစ်ခါ မပြောတော့ပါဘူး"

ဟုဆိုပြီး အခန်းထဲသို့ ဝင်ပြေးလေရာ ခင်ဘုန်းမြင့်နှင့် သူဇာတို့လည်း အခန်းထဲသို့ လိုက်သွား ကြပြန်လေ၏။

*